# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက် ၊ အင်္ဂါနေ့ ၊ (28-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အခမ်းအနားအား စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်မှုများနှင့် မီးပုံးပျံများလွှတ်တင်မှုကို ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ စတင်၍ကျင်းပပြုလုပ်လျက်ရှိပြီး ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းတွင် မာရဝိဇယပုဒ္ဓဥယျာဉ်တော်အတွင်း၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# အစဉ်သတိပြုရမည့် သတင်းမှား၊ သတင်းတု

နည်းပညာများတိုးတက်လာသော ယနေ့ခေတ်တွင် လူတိုင်းနီးပါး လက်ကိုင်ဖုန်းများဖြင့် လူမှုကွန်ရက်အွန်လိုင်းသုံးစွဲမှု တွင်ကျယ်လာခဲ့သည်။ အွန်လိုင်းပေါ်တွင် သတင်းပေါင်းများစွာ ဝင်ရောက်ခဲ့သည်။ ထိုသတင်းများတွင် သတင်းအမှန်များပါကဲ့သို့ သတင်းမှား၊ သတင်းတုများလည်း များစွာပါရှိသည်။ ထို့ကြောင့် သတင်းဖတ်သူ၊ သတင်းနားထောင်သူများအနေဖြင့် သတင်းအမှန်ကို ရွေးချယ်ပြီး သတင်းမှား၊ သတင်းတုများကို အစဉ်သတိပြု ခွဲခြားတတ်ရန်ဖြစ်သည်။

သတင်းမှား၊ သတင်းတုမှန်သမျှသည် မကြား၊ မသိအပ်ပေ။ သတင်းတိုင်းတွင် သတင်းအရင်းအမြစ်ရှိသည်။ မသေချာသောသတင်း၊ အရင်းအမြစ်မခိုင်သော သတင်းတိုင်းသည် သတင်းမှား၊ သတင်းတုပင်ဖြစ်သည်။ သတင်းကို စာအရ၊ နှုတ်အရ၊ အသံလွှင့်ချက်အရ ဖြန့်ချိကြပြီး တစ်ဦးမှတစ်ဦးသို့ တစ်ဆင့်စကားပြောကြားခြင်းဖြင့် သက်ရောက်လျက်ရှိသည်။ မှန်ကန်သောသတင်းသည် မှန်ကန်သောအသိ၊ မှန်ကန်သောအတွေးနှင့် သင်ခန်းစာရရှိစေသော်လည်း မမှန်သောသတင်းများကို ကြားသိလိုက်ပါက ထင်ယောင်ထင်မှားဖြင့် အယူအဆလွဲမှားကာ ဆိုးကျိုးကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် သတင်းမှား၊ သတင်းတုများ၏အန္တရာယ်ကို သတိပြုကြရမည်ဖြစ်သည်။

သတင်းမှား၊ သတင်းတုကို သိရှိရန်လိုအပ်သည်မှာ နည်းစနစ်ကျကျတွေးခေါ်တတ်ခြင်းဖြစ်သည်။ သတင်း၏ အခြေအနေနှင့် ထိုသတင်းအချက်အလက်ဖြစ်ပေါ်ရသည့်အကြောင်းရင်း၊ သက်ရောက်နိုင်သည့် အတိုင်းအတာကို ပိုင်းခြားစိစစ်ခြင်း၊ ဝေဖန်ဆန်းစစ်ခြင်း၊ တွေးခေါ်စဉ်းစားဆင်ခြင်သုံးသပ်ခြင်းတို့ အဆင့်ဆင့်ပြုလုပ်ရသည်။ သတင်းနှင့်ပတ်သက်၍ တတ်သိနားလည်သူများကို မေးမြန်း၍ သတင်းမှန်၊ မမှန် စစ်ဆေးခြင်းတို့ လုပ်ဆောင်ရမည်ဖြစ်သည်။

သတင်းများတွင် ကောလာဟလသတင်း၊ ဝါဒဖြန့်သတင်း၊ လှုံ့ဆော်သတင်း၊ သွေးခွဲသပ်လျှိုသတင်းဟူ၍ ပါရှိစမြဲဖြစ်သည်။ ထိုသတင်းများသည် အလွန်အန္တရာယ်ကြီးသောသတင်းမှား၊ သတင်းတုများသာဖြစ်သည်။ အချို့သတင်းများမှာ ဖတ်လိုက်ရုံဖြင့် သတင်းမှား၊ သတင်းတုမှန်း သိသော်လည်း အချို့သတင်းများမှာမူ မသိမသာဝါဒဖြန့်သပ်လျှိုမှုများ ပါဝင်တတ်သဖြင့် မှန်သယောင်ရှိနေတတ်သည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော **CRPH**၊ **NUG** နှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများအဖြစ်ပေးပြီး အစိုးရယန္တရားပျက်ပြယ်စေရန်ရည်ရွယ်၍ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ အကြမ်းဖက်အဖွဲ့များအနေဖြင့် ဒေသတွင်းမငြိမ်းချမ်းစေရန် ဒေသခံတိုင်းရင်းသားများကို အကြောက်တရားများဖြင့် ၎င်းတို့ကို အားပေးထောက်ခံလာစေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လုပ်ကြံသတင်းများ၊ သတင်းမှား၊ သတင်းတုများကို အစဉ်သတိပြုကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# တန်ဆောင်မုန်းလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တန်ဆောင်မုန်းလပြည့်နေ့(ယနေ့)တွင် နယ်စုံမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

“ဒီနေ့ဟာ တန်ဆောင်မုန်းလပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးတွေနဲ့ စည်ကားများပြားနေပါတယ်။ မဟာမုနိရုပ်ရှင်တော်ကို နှစ်စဉ်ကပ်လှူပူဇော်နေကျဖြစ်တဲ့ မသိုးသင်္ကန်းကပ်လှူပူဇော်တာကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့က ရင်ပြင်တော်ပေါ်မှာ မင်္ဂလာမဏ္ဍပ်တော်ထိုးပြီး ရက်ကန်းစင်တော်တွေနဲ့ ရက်လုပ်၊ ချုပ်လုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ မနက်မှာ မဟာမုနိရုပ်ရှင်တော်ကို ကပ်လှူပူဇော်ခဲ့ပါတယ်။ သမိုင်းဝင်ပြတိုက်၊ ပြခန်းတွေမှာလဲ ဝင်ရောက်လေ့လာသူတွေနဲ့ စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့စည်ကားနေပါတယ်။ အမှတ်တရပစ္စည်း ရောင်းချနေတဲ့ ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်”ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၆၂၄၄၈၁ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများဖြစ်သည့် ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေဠုဝန်စနကျောက်စိမ်းစေတီတော်၊ မန္တလေးတောင်တော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူထားသည့် တိရစ္ဆာန်အကောင်ရေ စာရင်းကောက်ယူရာတွင် ကျေးရွာ ၆၃၅ ရွာ၌ ကောက်ယူပြီးဖြစ်

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၁ မြို့နယ်ရှိ တောင်သူများမွေးမြူထားသည့် တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူရာတွင် ကျေးရွာ ၆၃၅ ရွာ၌ ကောက်ယူပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ မွေးမြူထားသည့် တိရစ္ဆာန်များ အကောင်ရေစာရင်း ကောက်ယူရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင် မြို့နယ် ၂၁ မြို့နယ်ရှိ ကျေးရွာ ၈၂၈ ရွာ၊ အိမ်ထောင်စု ၁၆၇၇၁၂ စုကို လျာထားပြီး နိုဝင်ဘာ ၁ ရက်မှစ၍ ကောက်ယူခဲ့ရာ နိုဝင်ဘာ ၂၆ ရက်ထိ ကျေးရွာ ၆၃၅ ရွာ၊ အိမ်ထောင်စု ၁၀၈၂၄၆ စုတို့၏ တိရစ္ဆာန်အကောင်ရေစာရင်းကို ကောက်ယူထားပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ကျေးရွာများတွင်လည်း ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

“မန္တလေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အကောင်ရေ စာရင်းကောက်ယူတဲ့လုပ်ငန်းကို နိုဝင်ဘာ ၁ ရက်ကနေစပြီး ဆောင်ရွက်နေတာပါ။ မွေးမြူထားတဲ့ မွေးမြူရေးတိရစ္ဆာန်တွေကို စာရင်းကောက်တွေက ပုံစံတွေဖြည့်စွက်ပြီး စာရင်းတွေထည့်သွင်းဆောင်ရွက်နေကြပါတယ်။ အခုလိုကောက်ယူနေတာကလဲ တိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်တွေ ဘယ်လောက်မွေးထားတယ်ဆိုတာကို အတိအကျသိရှိစေဖို့ပါ။ တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူနေတာဆိုရင် ကျေးရွာ ၁၉၃ ရွာ၊ အိမ်ထောင်စု ၅၉၄၆၆ စုကျန်ရှိနေပါသေးတယ်။ ဒီဇင်ဘာလကုန်ထိ ကောက်ယူတဲ့လုပ်ငန်းကို ဆောင်ရွက်သွားမှာပါ”ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အကောင်ရေ စာရင်းကောက်ယူနေသည့် ပုံစံများသည် စီးပွားဖြစ်ခြံစာရင်းကောက်ပုံစံ၊ တစ်နိုင်တစ်ပိုင်မွေးမြူသည့် သတ်မှတ်ပုံစံတို့ဖြင့် ကောက်ယူနေကြောင်း၊ စာရင်းကောက်ယူရာတွင် တစ်မြို့နယ်လျှင် ဦးရေ ၂၀ မှ ၃၀ထိ ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း အရောင်းအဝယ် ကောင်းနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့်ပဲတီစိမ်းအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲတီစိမ်းအမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

“မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့ ပဲတီစိမ်းတွေအရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် အခြားပြောင်း၊ ဂျုံ၊ ပဲကြီး၊ မတ်ပဲ စတဲ့ ကုန်စည်တွေလဲ အရောင်းအဝယ်ပြန်ပြီးကောင်းနေပါတယ်” ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၆၇၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ကုလားပဲ (TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေ

**ကျိုက်လတ် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ဒေသထွက် ဖူးစားပြောင်းများ ဝယ်ယူမှု အားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးစန္ဒာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ယခုအခါ ဖူးစားပြောင်း စတင်ပေါ်နေသည့် အချိန်ဖြစ်ပြီး တစ်ရက်လျှင် ဖူးစားပြောင်း အဖူးရေ ၁၅၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများကို ဖျာပုံမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဘိုကလေးမြို့နယ်စသည့် မြို့နယ်များက အများဆုံး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"လက်ရှိ ကျိုက်လတ်မြို့နယ်မှာ ဖူးစားပြောင်းတွေပေါ်နေတဲ့ အချိန်ပါ။ ဒေသထွက်ဖူးစားပြောင်းတွေကို ကျိုက်လတ်မြို့အပြင် ဘိုကလေး၊ ဖျာပုံနဲ့ မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီလို ဖူးစားပြောင်းတွေ တင်ပို့ရောင်းချနေရတော့ ကုန်သည်တွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဘက်ဒေသ ထွက်ရှိတဲ့ ဖူးစားပြောင်းတွေက ပိုးမွှားကင်းရှင်းတယ်၊ ရောင်းပန်းလှတယ်၊ ပြီးတော့ လူကြိုက်လဲများပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးစန္ဒာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ကားများဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဖူးစားပြောင်းအဖူး ၁၀၀၀ လျှင် ငွေကျပ် ၃၉၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးစန္ဒာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန့်ခင်-ဒေါ်အေးအေးချို၊ သား၊ သမီး၊ မြေး မိသားစုက မောင်အောင်မျိုးခင်၊ မဆုမွန်မွန်ခင်တို့အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၆၈၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၆၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၅၀၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၆၈၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက် စိုက်ဧကတွေမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် ဧကအားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက နည်းပညာတွေပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၂၂၄၀၊ တန့်ဆည်မြို့နယ်တွင် ၅၆၂ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၈၈၄ ဧက စုစုပေါင်း ၃၆၈၆ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၉၉၇ ဧက၊ တန့်ဆည်မြို့နယ်တွင် ၁၀၀၁ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၄၅၁၁ ဧက စုစုပေါင်း ၈၅၀၉ ဧကဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းရှူးမြို့နယ် နားနိမ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရှူး နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်မေ့ကျေးရွာအုပ်စု နားနိမ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက နားနိမ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နားနိမ်ကျေးရွာ၌ အရှည် သုံးဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်(မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၀၄ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက နားနိမ်ကျေးရွာရှိ အိမ်ခြေ ၂၈ အိမ်၊ လူ ၁၉၄ ဦးတို့ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ပြည်မြို့နယ်၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်လုံးညိုကျေးရွာ၌ MCB ဘဏ်နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်က တောင်လုံးညိုကျေးရွာရှိ ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်း၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်လုံးညိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၅ ဦးကို ငွေကျပ် ၄၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# ကမ္ဘာ့အခမ်းနားဆုံးသော မော်တော်ကားပြပွဲကြီး (အပိုင်း-၄)

ပါမောက္ခကိုကိုအောင်




**Geneva International Motor Show 2015 ၌ ပြသထားသော Hyundai Intrado**

ပြပွဲခန်းမ(၆)တွင် ပြသထားသော မော်တော်ကားအမှတ်တံဆိပ်များအနက် Citroen သည်လည်းတစ်ခုအပါအဝင်ဖြစ်သည်။ ပြင်သစ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများ၌ အငှားယာဉ်(Taxi) အဖြစ် အလွန်အသုံးများသော Citroen အမှတ်တံဆိပ်သည် ယခုပြပွဲကြီး၌ ပုံစံသစ်ကားများဖြစ်ကြသော Berlingo နှင့် C4 Cactus Airflow တို့ကို အထူးတလည်ပြသထားသည်။ C4 Cactus Airflow သည် လေခွဲအား အထူးကောင်းမွန်အောင် တပ်ဆင်ထုတ်လုပ်ထားသော SUV အမျိုးအစားဖြစ်ပြီး ကီလိုမီတာ ၁၀၀ ခရီးတာကို လောင်စာဆီ နှစ်လီတာမျှသာ ကုန်ကျသည့်အတွက် လူကြိုက်များမည့် နှစ်သက်လက်ခံနိုင်သောကားတစ်မျိုးပင်ဖြစ်သည်။

Palexpo Convention Complex ပြပွဲခန်းမ(၆)ထဲ၌ တောင်ကိုရီးယားအခြေစိုက် Kiaမော်တော်ကားများကိုလည်း ပြသထားသလို အဆိုပါ Kia ပြခန်းနှင့်ကပ်လျက်၌ Infinity အမှတ်တံဆိပ်မော်တော်ကားပြခန်းကိုလည်းတွေ့ရှိရသည်။ ခရီးလမ်းကြမ်းများအတွက် အကြမ်းခံနိုင်သည့်ကားများကို တပ်ဆင်ထုတ်လုပ်နေသည့် Infinity သည် ယခုနှစ်ပြပွဲ၌ အမြင်ဆန်းသောကားတစ်စီးကို ထည့်သွင်းပြသထားသည်။

Land Rover Defender ကဲ့သို့ လေးထောင့်ကျကျပုံစံဖြစ်သည့် Hunter အမည်တပ် တံခါးသုံးပေါက်ပါ All Wheel Drive ကားကြီးကို ပြသထားခြင်းဖြစ်သည်။ အများသုံးစွဲနေကျပုံစံနှင့်မတူဘဲ ဘီးခြောက်ဘီးပါရှိပြီး ခြောက်ဘီးယက်စနစ်ဖြစ်သည့် Hunter သည် ကားနောက်ဘက်၌ သီးခြားစီတပ်ဆင်ထားသော ဘီးလေးဘီးရှိနေသည့်အတွက် နောက်ခန်း၌ လိုက်ပါစီးနင်းမည့်သူတို့သည် ကား၏ တတိယမြောက်တံခါးဖြစ်သော နောက်တံခါးပေါက်မှသာ အတက်၊ အဆင်းပြုလုပ်ကြရမည်ဖြစ်သည်။ သေနတ်ကျည်ဆန်မဖောက်နိုင်သော ယာဉ်ကိုယ်ထည်နှင့် မှန်များကိုတပ်ဆင်ထားသည့် အဆိုပါကားသည် အရပ်ဘက်သုံးအနေဖြင့်သာမက စစ်ဘက်ဆိုင်ရာကိစ္စရပ်များအတွက်ပါ အလွန်အသုံးဝင်မည့် စွမ်းရည်မြင့်ကားတစ်စီးပင်ဖြစ်သည်။

ကမ္ဘာ့အရပ်ရပ်ရှိ ကားချစ်သူလူငယ်များ အလွန်နှစ်သက်ကြသည့် Mini အမှတ်တံဆိပ် မော်တော်ကားငယ်ကလေးများကိုလည်း ဤပြပွဲကြီး၌ မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည်။ ကွဲပြားသောအရောင်အသွေးများဖြင့်ပြသထားသည့် Mini အမှတ်တံဆိပ်ကားငယ်ကလေးများကို ပြပွဲလာလူငယ်ပရိသတ်များက စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။

ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးကျင်းပရာ Palexpo Convention Complex ၏ နောက်ဆုံးခန်းမကြီးဖြစ်သော ပြပွဲခန်းမ(၇)တွင် မော်တော်ကားများကို ပြသထားခြင်းမရှိဘဲ မော်တော်ကားနှင့် ဆက်စပ်ပတ်သက်သောပြခန်းများကိုသာ နေရာချထားပေးသည်ကို တွေ့ရှိရသည်။ အဆိုပါပြပွဲခန်းမ(၇)ထဲ၌ မော်တော်ကားသုံးချောဆီများနှင့် စက်မှုလုပ်ငန်းသုံးစက်ဆီချောဆီများကို ခင်းကျင်းပြသထားသလို အဆိုပါထုတ်ကုန်ပစ္စည်းများ၏ အာနိသင်နှင့်စွမ်းဆောင်ရည်တို့ကိုလည်း ပြပွဲလာပရိသတ်များလွယ်လင့်တကူလေ့လာကြည့်ရှုနိုင်အောင် စီစဉ်ပေးထားသည်။

ထို့အတူ မော်တော်ကားရေဆေးခုံများကိုလည်း အဆိုပါပြပွဲခန်းမအတွင်း၌ လေ့လာနိုင်သည်။ နည်းပညာများပြောင်းလဲတိုးတက်လာသည်နှင့်အမျှ မော်တော်ကားကိုယ်ထည်တစ်ခုလုံးနှင့်တကွ အောက်ကြမ်းခင်းနှင့် ဆိုင်းထိန်းပစ္စည်းများ၊ အင်ဂျင်ခန်းနှင့်တကွ ကားဘီးများ၏နောက်ဘက်ရှိ ကျဉ်းမြောင်းသောနေရာများ အစရှိသည်တို့ကိုပါ သန့်ရှင်းစင်ကြယ်သွားအောင် အလိုအလျောက် ဆေးကြောပေးနိုင်သော ရေဆေးခုံများကို နေရာကျဉ်းကျဉ်း၌ပင် လွယ်လင့်တကူတပ်ဆင်အသုံးပြုနိုင်အောင် ထုတ်လုပ်ပေးထားသည်ကို တွေ့ရှိရသည်။

အလားတူပင် မော်တော်ကားတာယာ ဖြုတ်တပ်လဲလှယ်သည့်လုပ်ငန်း၌ အသုံးပြုနိုင်သော စက်များ၊ ဆိုင်းထိန်းပစ္စည်းများကို ဖြုတ်တပ်ပြုပြင်လဲလှယ်ရာတွင် အသုံးပြုနိုင်သော စက်ကိရိယာများ၊ မော်တော်ကားတစ်စီးလုံးကို ပင့်တင်ပေးနိုင်သော Hydraulic Jack ပုံစံအမျိုးမျိုးနှင့် နေရာကျဉ်းကျဉ်း၌ ကားအစီးရေများများရပ်နားထားနိုင်သော Mechanical Lift Car Parking စသည်တို့ကိုလည်း အပြိုင်အဆိုင်ခင်းကျင်းပြသထားသည်။

ထို့ပြင် မော်တော်ကားအင်ဂျင်ဝိုင်လဲလှယ်ရာတွင် အသုံးပြုနိုင်သောစက်များ၊ ကားလေအေးစက်ဓာတ်ငွေ့ဖြည့်တင်းခြင်းနှင့် ကွန်ပရက်ဆာဆီဖြည့်တင်းလဲလှယ်ရာတွင် အသုံးပြုနိုင်သော စက်ကိရိယာများ၊ Alignment Tester များ၊ အင်ဂျင်လည်ပတ်မှုကို ချိန်ညှိပေးနိုင်သည့် Engine Tuner များ စသည်တို့ကိုလည်း သူ့နေရာနှင့်သူ ခင်းကျင်းပြသထားသည်ကို တွေ့ရှိရသည်။

မော်တော်ကားများ မြန်နှုန်းမြင့်မောင်းနှင်ရာတွင် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ကား၏ တည်ငြိမ်မှုက အလွန်အရေးကြီးသည့်အားလျော်စွာ ကား၏ ကြံ့ခိုင်မှုကို လွယ်လင့်တကူစစ်ဆေးနိုင်သော Mobile Test Lane စက်များနှင့် အထောက်အကူပြုပစ္စည်းများကိုလည်း အစီအစဉ်တကျပြသထားသည်။

ပြပွဲခန်းမ(၇)ထဲရှိ ပြခန်းများထဲတွင် ကွန်ပရက်ဆာများကို ခင်းကျင်းပြသထားသည့် ပြခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကားရေဆေးသည့်လုပ်ငန်း၊ စက်ဆီချောဆီလဲလှယ်သည့်လုပ်ငန်း၊ တာယာဖြုတ်တပ်နှင့်လေဖြည့်တင်းသည့်လုပ်ငန်း၊ ဆေးမှုတ်လုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ စက်ရေတွင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း စသည်ဖြင့်လုပ်ငန်းနယ်ပယ်အသီးသီးတို့၌ အသုံးပြုနိုင်သော ကွန်ပရက်ဆာမျိုးစုံတို့ကို ဆက်စပ်ပစ္စည်းများနှင့်တကွ ဤပြပွဲကြီးအတွင်း၌ စုံစုံလင်လင်လေ့လာကြည့်ရှုနိုင်ကြသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ Palexpo Convention Complex ၌ ကျင်းပပြီးစီးခဲ့သော Geneva International Motor Show 2015 ကို ခြုံငုံသုံးသပ်မည်ဆိုပါက ကမ္ဘာ့အကြီးကျယ်ဆုံးသော မော်တော်ကားပြပွဲကြီးတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတကာမှ ထုတ်လုပ်သော နောက်ဆုံးပေါ်နည်းပညာမြင့်ကားများကို စုံစုံလင်လင်ခင်းကျင်းပြသထားသလို နောင်လာမည့်နှစ်များအတွင်း၌ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သော မျိုးဆက်သစ်မော်တော်ကားများ၏ နည်းပညာပြောင်းလဲသွားပုံများကိုပါ တစ်ဆက်တစ်စပ်တည်း လေ့လာကြည့်ရှုနိုင်အောင် စီစဉ်ပေးထားသည့်အတွက် အဘက်ဘက်က ပြီးပြည့်စုံသော ပြပွဲကြီးတစ်ခုဖြစ်သည်ဟုပင် ဆိုရမည်ဖြစ်သည်။

ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးသည် တစ်ကိုယ်ရေသုံး၊ မိသားစုသုံးနှင့် လုပ်ငန်းသုံးလူစီးမော်တော်ကားများကိုသာ အဓိကအားဖြင့် ခင်းကျင်းပြသခဲ့သော မော်တော်ကားပြပွဲကြီးဖြစ်ပြီး အဆိုပါကားပြပွဲ၌ ဝန်တင်ယာဉ်၊ ယန္တရားတင်ယာဉ်၊ ကရိန်းယာဉ်၊ စစ်လက်နက်တင်ယာဉ်၊ ဒုံးပစ်စင်တင်ယာဉ်၊ စက်သုံးယာဉ်၊ သုတေသနယာဉ်၊ ဓာတ်ခွဲခန်းယာဉ်၊ စူးစမ်းရှာဖွေရေးယာဉ်၊ မီးသတ်ယာဉ်၊ အဝီစိတွင်းတူးယာဉ်၊ ပိုင်တိုင်ရိုက်သွင်းစက်တင်ယာဉ်၊ ကွန်ကရစ်ဖျော်ရည်ပင့်တင်ပို့ဆောင်သည့်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ကတ္တရာခင်းယာဉ်၊ လောင်စာဆီတင်ယာဉ်၊ ရေသယ်ယာဉ် စသော Commercial Vehicle များကို ထည့်သွင်းပြသခဲ့ခြင်းမရှိပေ။

ဂျီနီဗာမော်တော်ကားပြပွဲမတိုင်မီ ၂၀၁၅ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ပြုလုပ်ခဲ့သော International Motor Show တွင် လူစီးကားများနှင့်တကွ Commercial Vehicle များကိုပါ ပူးတွဲခင်းကျင်းပြသခဲ့သလို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်၌ ကျင်းပပြုလုပ်ခဲ့သော မော်တော်ကားပြပွဲတွင်လည်း Commercial Vehicle များကို သီးသန့်ခင်းကျင်းပြသခဲ့သည်။

ထို့အတူ ၂၀၁၅ ခုနှစ်အတွင်း အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင်ကျင်းပပြုလုပ်ခဲ့သော မော်တော်ကားပြပွဲ၌လည်း Commercial Vehicle များကိုသာ ခင်းကျင်းပြသခဲ့သလို ဘဲလ်ဂရိတ်၌ကျင်းပခဲ့သော Motor Show ၌လည်း လူစီးကားများနှင့်အတူ Commercial Vehicle များကိုပါ ပူးတွဲခင်းကျင်းပြသပေးခဲ့သည်။

Geneva International Motor Show ပြီးစီးသွားသည့်နောက်ပိုင်း ၂၀၁၅ ခုနှစ်အတွင်းတွင်ပင် နယူးယောက်နှင့် ဆိုးလ်မြို့တို့၌လည်းကောင်း၊ ဘာမင်ဟန်၊ ဗီရိုးနားနှင့် အမ်စတာဒမ်မြို့ကြီးများ၌လည်းကောင်း မော်တော်ကားပြပွဲများကို အသီးသီးခင်းကျင်းပြသခဲ့ကြသည်။ ထို့အတူ ဘာစီလိုနာ၊ အစ္စတန်ဘူလ်၊ လန္ဒန်နှင့် ဗျူနိုစ်အေးရိစ်မြို့ကြီးများ၌လည်းကောင်း၊ မော်စကို၊ ဖရန့်ဖတ်၊ ဘူခါရက်စ်၊ ဂျိုဟန်နက်စဘတ်၊ ဆိုဖီယာ၊ တိုကျိုနှင့် ဆော်ပိုလိုမြို့ကြီးများ၌လည်းကောင်း မော်တော်ကားပြပွဲကြီးများကို ခမ်းနားကြီးကျယ်စွာကျင်းပခဲ့ကြသည်။

သို့ဖြစ်၍ မော်တော်ကားချစ်သူများအတွက် ကမ္ဘာတစ်ဝန်းလုံးရှိ မြို့ကြီးများ၌ နှစ်စဉ်ခမ်းနားကြီးကျယ်စွာကျင်းပနေကြသော ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးအပါအဝင် မော်တော်ကားပြပွဲများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာနိုင်မည့်အခွင့်အလမ်းများက အသင့်စောင့်ကြိုလျက်ရှိနေပြီဖြစ်ပေသည်။

**❖ ကမ္ဘာ့အရပ်ရပ်ရှိ ကားချစ်သူလူငယ်များ အလွန်နှစ်သက်ကြသည့် Mini အမှတ်တံဆိပ် မော်တော်ကားငယ်ကလေးများကိုလည်း ဤပြပွဲကြီး၌ မြိုင်မြိုင်ဆိုင်ဆိုင်ခင်းကျင်းပြသထားသည်။ ကွဲပြားသောအရောင်အသွေးများဖြင့်ပြသထားသည့် Mini အမှတ်တံဆိပ် ကားငယ်ကလေးများကို ပြပွဲလာလူငယ်ပရိသတ်များက စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။ ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးကျင်းပရာ Palexpo Convention Complex ၏ နောက်ဆုံးခန်းမကြီးဖြစ်သော ပြပွဲခန်းမ(၇)တွင် မော်တော်ကားများကို ပြသထားခြင်းမရှိဘဲ မော်တော်ကားနှင့် ဆက်စပ်ပတ်သက်သောပြခန်းများကိုသာ နေရာချထားပေးသည်ကို တွေ့ရှိရသည်။ ❖**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စည်းလုံးချစ်ကြည် မြဲခိုင်တည်

- ပြည်မြန်မာ တိုးတက်ဖို့
မျိုးဆက်တို့ ရှက်ဆောင်နော်၊
နိုင်ရာဝန် တူယှဉ်ထမ်း
ဖြူစင်လမ်းပေါ်၊
ခေတ်မီလို့ စနစ်ညီသော်
ချစ်ကြည်ပျော် အားမာန်ဝင့်၊
မြန်မာဆို ကမ္ဘာသိတယ်
ဇာတိဂုဏ်မြင့်။

- မျိုးဆက်တွေ ကြိုအသင့်
ဆိုဖွင့်ကြ ပုံ့လွင့်စေ၊
အမျိုးဂုဏ် အတူထိန်း
ငြိမ်းချမ်းသာမြေ၊
မြဲတည်ဖို့ ကြိုးစားလေ
တိုးပွားဝေ ဤမြေထက်၊
ပြည်မြန်မာ သာယာအေးတယ်
ကွာဝေးအဖျက်။

- မျိုးရင်းဆွေ ညီနောင်လက်ရယ်နှင့်
တည်ထောင်လျက် မြဲခိုင်တည်၊
ဇာတိမာန် ဂုဏ်မချို့
တို့တိုင်းမြန်ပြည်၊
စည်းလုံးကြ တို့ချစ်ကြည်
တွဲလက်သည် ချည်နှောင်တင်း၊
ရွှေပြည်တော် အလှစစ်ရယ်
ထွန်းသစ်ပြောင်ဝင်း။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၅၂ ဧကနှင့် နှမ်း ၉၆၁ ဧက စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၃၅၂ ဧကနှင့် နှမ်း ၉၆၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၃၅၂ ဧကနှင့် နှမ်း ၉၆၁ ဧကကို လာမည့်ဒီဇင်ဘာလဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ အထွက်နှုန်းကောင်းစေရန်၊ ပိုးသတ်ဆေး၊ အပင်အားဆေး စသည့် ဆေးများအသုံးပြုမှု မှန်ကန်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၃၅၂ ဧကနဲ့ နှမ်း ၉၆၁ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ လျာထားချက်အတိုင်း အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးတဲ့ဆီထွက်သီးနှံတွေ အထွက်နှုန်းကောင်းဖို့ မျိုးစေ့တွေအသုံးပြုတာ မှန်ကန်စေဖို့ကို ကူညီဆောင်ရွက်သွားမှာပါ”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့စသည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က ဆီထွက်သီးနှံနေကြာစိုက်ခင်းကို တွေ့ရစဉ်။

# ဒက္ခိဏသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဗိုးနွယ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာ ရရှိနိုင်ရန် ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့လှဲ့နိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများသည် စိုက်ပျိုးရေရရှိရေးအတွက် ၅ ဒသမ ၄ ကီလိုဝပ် ဆိုလာရေတင်စနစ် တည်ဆောက်ခြင်း၊ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၂၀၀ ရှိ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ မြေစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၄၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ZLT Super Electrical ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောက်ရွက်ပြီးစီးပါက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများ၏ လယ်ယာမြေကေများအတွက် စိုက်ပျိုးရေများကုန်ကျစရိတ်သက်သာစွာ ရရှိမည်ဖြစ်ကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့လှဲ့နိုင်ထံမှ သိရသည်။

**မောင်နိုင်**

# နတ်မောက်မြို့နယ် မရိုးတောကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက မရိုးတောကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မရိုးတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀ ကို ငွေကျပ် ၁၆ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၅ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၄ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၄၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**သူသူ(နတ်မောက်)**

# SCIENCE AND TECHNOLOGY

## ကြယ်တံခွန်များက သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့်အဓိကဇီဝမော်လီကျူးများကို ကမ္ဘာပေါ်သို့ ပို့ဆောင်ပေးခဲ့ကြဖွယ်ရှိ



**လန်ဒန် နိုဝင်ဘာ ၂၇**

ဂြိုဟ်တစ်စင်း၏ ပတ်လမ်းမှ အခြားဂြိုဟ်တစ်စင်း၏ ပတ်လမ်းပေါ်သို့ ရောက်ရှိလာတတ်သည့် ကြယ်တံခွန်များသည် သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့် အဓိကဇီဝမော်လီကျူးများကို ကမ္ဘာပေါ်သို့ ပို့ဆောင်ပေးခဲ့ကြဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါကြယ်တံခွန်များသည် ဂြိုဟ်တစ်စင်းမှ တစ်စင်းသို့ ဖြတ်သန်းစဉ် အရှိန်နှေးကွေးသွားတတ်ရာ ဂြိုဟ်မျက်နှာပြင်နှင့် ထိရိုက်မိချိန်တွင် အဆိုပါကြယ်တံခွန်များအနေဖြင့် သယ်ဆောင်ထားသည့် ဇီဝမော်လီကျူးများကို အပျက်အစီးမရှိ ချပေးနိုင်ကြဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့်အဓိကဇီဝမော်လီကျူးများသည် ကြယ်တံခွန်များနှင့်အတူ ကမ္ဘာပေါ်သို့ ရောက်ရှိလာနိုင်ကြောင်း ရှေးယခင်ကပင်သိပ္ပံပညာရှင်များကယုံကြည်ထားခဲ့ကြသည်။

ဗြိတိန် သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ ဇီဝမော်လီကျူးများကို ကြယ်တံခွန်များကပို့ဆောင်ပေးမှုဖြစ်စဉ်များသည် နေအဖွဲ့အစည်းတွင်သာမက နဂါးငွေ့တန်းကြယ်စုအတွင်းရှိ အခြားကြယ်စနစ်များတွင်လည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။

အထူးသဖြင့် ဂြိုဟ်တစ်စင်းပတ်လမ်းပေါ်မှ အခြားဂြိုဟ်တစ်စင်းပတ်လမ်းတွင်းသို့ ဝင်ရောက်လာတတ်သည့် ကြယ်တံခွန်များက ဇီဝမော်လီကျူးများ ချထားမှုဖြစ်စဉ်များကို ဂြိုဟ်များတစ်စင်းနှင့်တစ်စင်း အနီးကပ်တည်ရှိနေသည့်ကြယ်စနစ်များတွင်လည်း တွေ့နိုင်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်တံခွန်များသည် ဇီဝဖြစ်ထွန်းမှုကို အားပေးစေ့ဆော်တတ်သော ဓာတုဒြပ်ပေါင်းများကြွယ်ဝသည့် အာကာသဒြပ်ထည်များဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တောင်ပံနှစ်ထပ်နှင့် ပန်ကာဒလက်အုံလေးခုပါဝင်သော မောင်းသူမဲ့လေယာဉ်ပုံစံသစ်တစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များ တည်ဆောက်ထား

**ပေကျင်း နိုဝင်ဘာ ၂၇**

တရုတ်သိပ္ပံပညာရှင်များသည် တောင်ပံနှစ်ထပ်နှင့် ပန်ကာဒလက်အုံ လေးခုပါဝင်သော မောင်းသူမဲ့လေယာဉ်ပုံစံသစ်တစ်မျိုးကို တည်ဆောက်ထားကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ တောင်ပံနှစ်ထပ် မောင်းသူမဲ့လေယာဉ်ကို ချန်ချွန်းချန်ကောင်းပိုရှန်း မောင်းသူမဲ့လေယာဉ်ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

တောင်ပံနှစ်ထပ် မောင်းသူမဲ့လေယာဉ်သည် ဒေါင်လိုက်အဆင်းအတက်ကို လျင်မြန်စွာပြုလုပ်နိုင်ပြီး အမြင့်မီတာ ၅၅၀၀ ထိ တက်ရောက်ပျံသန်းနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တောင်ပံနှစ်ထပ် မောင်းသူမဲ့လေယာဉ်သစ်သည် အရွယ်အစားအားဖြင့် သေးငယ်ပြီး အလေးချိန်ပေါ့ပါးသကဲ့သို့ တပ်ဆင်ရလည်း လွယ်ကူကြောင်း ချန်ချွန်းချန်ကောင်းပိုရှန်းကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။



နှစ်နာရီမှ ၁၂ နာရီထိ ပျံသန်းနိုင်သည့် အဆိုပါမောင်းသူမဲ့ လေယာဉ်သစ်ကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ မြေပြင်တိုင်းတာရေးနှင့် မြေပုံထုတ်ရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းနယ်ပယ်အမျိုးမျိုးအတွက် အသုံးပြုနိုင်ကြောင်း သိရသည်။

ချန်ချွန်းချန်ကောင်းပိုရှန်းကုမ္ပဏီသည် ပုံစံသစ် တောင်ပံနှစ်ထပ် မောင်းသူမဲ့လေယာဉ်ကို ဒူဘိုင်းလေကြောင်းပြပွဲ (၂၀၂၃) နှင့် ၂၅ ကြိမ်မြောက် တရုတ်အဆင့်မြင့် နည်းပညာပြပွဲတို့၌ ပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အင်္ဂါဂြိုဟ်လေထုလွှာကို ပုံတူပန်တီးရေးအတွက် သင်္ချာစံပြုပုံစံတစ်ခု တည်ဆောက်ထား

**ပေကျင်း နိုဝင်ဘာ ၂၇**

အင်္ဂါဂြိုဟ်လေထုလွှာကို ပုံတူဖန်တီးရေးအတွက် တရုတ်သိပ္ပံပညာရှင်များသည် သင်္ချာစံပြုပုံစံတစ်ခုကို တည်ဆောက်ထားကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ် ကျောက်သားနမူနာများ ရယူရေးအစီအစဉ်ကို အကူအညီပေးနိုင်ရေးအတွက် အင်္ဂါဂြိုဟ်လေထုလွှာ သင်္ချာစံပြုပုံစံကို တရုတ်သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။

တရုတ် သိပ္ပံပညာရှင်များ၏ သင်္ချာစံပြုပုံစံသည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်းရှိ သဲမှုန်များ၊ ရေနှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ သံသရာလည်ပတ်ပုံကို ပုံတူကူး ဖန်တီးထားသော သင်္ချာစံပြုပုံစံဖြစ်သည်။

တရုတ်နိုင်ငံသည် တီယန်ဝန်-၃ အမည်ရှိ မစ်ရှင်ဖြင့် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများကို ၂၀၂၈ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်ကြားရယူရန် စီစဉ်ထားသည်။

တီယန်ဝန်-၃ မစ်ရှင်၏ ဂြိုဟ်ဆင်းယာဉ်သည် မြေလွှာတူးဖော်မှုနည်းလမ်းနှင့် စက်ရုပ်လက်တံတို့ကို အသုံးပြု၍ အင်္ဂါဂြိုဟ်ကျောက်သားနမူနာ ၁ ဒသမ ၁ ပေါင်ကို ရယူမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက ကြေညာထားသည်။

မိမိတို့၏ အင်္ဂါဂြိုဟ်လေထုလွှာ သင်္ချာစံပြုပုံစံသည် ဂြိုဟ်ဆင်းယာဉ်ဆင်းသက်မည့်နေရာ၏ အပူချိန်များကို တုပဖန်တီးပေးနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကွန်ဂိုနိုင်ငံ၌ လိင်ဆက်ဆံမှုမှတစ်ဆင့် မျောက်ကျောက်ရောဂါကူးစက်မှု တွေ့ရှိခဲ့

**ဂျီနီဗာ နိုဝင်ဘာ ၂၇**

လိင်ဆက်ဆံမှုမှတစ်ဆင့် မျောက်ကျောက်ရောဂါ (Monkeypox) ကူးစက်မှုဖြစ်စဉ်တစ်ရပ်ကို ကွန်ဂိုနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နိုဝင်ဘာ ၂၆ ရက်တွင် အတည်ပြုကြေညာထားသည်။

ကွန်ဂို ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၌ အကြီးမားဆုံးမျောက်ကျောက်ရောဂါကူးစက်မှု ပေါ်ပေါက်နေစဉ် လိင်ဆက်ဆံမှုမှတစ်ဆင့် ၎င်းရောဂါကူးစက်မှုကို ဆေးပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါ အနေဖြင့် လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်ခဲ့ပါက ရောဂါကူးစက်မှုများကို တားဆီးရေးအတွက် ပိုမိုခက်ခဲလာနိုင်သည်ဟု ဆေးပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ကွန်ဂိုဖြစ်စဉ်သည် အာဖရိက၏ ပထမဆုံးသော လိင်ဆက်ဆံမှုမှတစ်ဆင့် မျောက်ကျောက်ရောဂါကူးစက်မှုဖြစ်စဉ်ဖြစ်သည်။

မျောက်ကျောက်ရောဂါသည် အာဖရိကအလယ်ပိုင်းနှင့်အနောက်ပိုင်းဒေသများ၌ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ကူးစက်ဖြစ်ပွားခဲ့သည့် ကူးစက်ရောဂါဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံပေါင်း ၁၀၀ ကျော်၌ကူးစက်မှုဖြစ်စဉ် ၉၀၀၀၀ ကျော်ရှိခဲ့သည့် မျောက်ကျောက်ရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နေ့စဉ် လုံးတီးကောက်နှံ အစားအစာများစားပါက Dementia ဖြစ်နိုင်ခြေ လျှော့ချပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၂၇**

ပြောင်းဖူးပေါက်ပေါက်ကဲ့သို့ လုံးတီးကောက်နှံအစားအစာများကို နေ့စဉ်စားသုံးပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုပြဿနာ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူဦးရေ ၃၃၀၀ တို့၏ အစားအစာ စားသောက်မှုပုံစံများကို ခြောက်နှစ်ကြာ အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဆားပါရှိမှု ထည့်ထားသော ပြောင်းဖူးပေါက်ပေါက်နှင့် ကွီနိုလာကဲ့သို့ လုံးတီးကောက်နှံ အစားအစာများကို တစ်ရက်လျှင် သုံးအောင်စနှင့်အထက် စားသူများသည် အထက်ပါအစားအစာများကို စားသည်ဆိုရုံမျှသာ စားသူများနှင့်နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ပိုနည်းသည်ကိုတွေ့ရကြောင်း သိရသည်။

လုံးတီးကောက်နှံအစားအစာများသည် သွေးလည်ပတ်မှုစနစ်အတွင်းသို့ သကြားဓာတ်ဝင်ရောက်မှုအရှိန်ကိုနှေးကွေးစေသည့် အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြသည်။

အမျှင်ဓာတ်သည် သွေးအတွင်း သကြားဓာတ် မြင့်တက်လာမှုကို တားဆီးပေးခြင်းဖြင့် သွေးကြောများအတွင်း အဆီစုစည်းမှု၊ ရောင်ရမ်းမှုတို့ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

သွေးကြောများအတွင်း အဆီစုစည်းမှုနှင့် ရောင်ရမ်းမှုတို့ကြောင့် Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ယူနီယံဘာလင်အသင်းက ဗျဲလီဆာကို နည်းပြအသစ်ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာ

**ဘာလင် နိုဝင်ဘာ ၂၇**

ယူနီယံဘာလင် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်ဆိုးများနှင့် ရုန်းကန်နေရသည့် နည်းပြဖစ်ရှာကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ထရာဗွန်စပေါ် နည်းပြဟောင်း ခရိုအေးရှားလူမျိုး ဗျဲလီဆာကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ယူနီယံဘာလင် အသင်းသည် နည်းပြဖစ်ရှာနှင့် ၂၀၁၈ ခုနှစ်က စတင်လက်တွဲခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် အသင်းအနေဖြင့် ဘွန်ဒက်လီဂါသို့ တက်ရောက်နိုင်ခဲ့ကာ အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ယူရိုပါကွန်ဖရင့်လိဂ်၊ ယူရိုပါလိဂ်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတို့ ကစားခွင့်ရရှိအောင် ကြိုးပမ်းနိုင်ခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲတွင် ကိုးပွဲဆက်နိုင်ပွဲမရခဲ့ဘဲ တန်းဆင်းဇုန်မှ လွတ်မြောက်ရန်ရုန်းကန်နေရသဖြင့် နိုဝင်ဘာ ၁၂ ရက်က လေဗာကူဆင်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ယူနီယံဘာလင် အသင်းသည် နည်းပြဖစ်ရှာနေရာတွင် အသက် ၅၂ နှစ်ရှိ နည်းပြ ဗျဲလီဆာကို တရားဝင်ခန့်အပ်ခဲ့သော်လည်း စာချုပ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိကြောင်း သိရသည်။

ယူနီယံဘာလင်ဥက္ကဋ္ဌ ဇင်ဂလာက "နည်းပြဗျဲလီဆာဟာ မတူညီတဲ့နိုင်ငံတွေမှာ အောင်မြင်မှုတွေရယူနိုင်ခဲ့ပြီး အတွေ့အကြုံကောင်းတွေပိုင်ဆိုင်ထားတဲ့ နည်းပြတစ်ယောက်ဖြစ်ပါတယ်။ သူ့အနေနဲ့ ကျွန်တော်တို့အသင်းကို ဦးဆောင်ပြီး တန်းဆင်းဇုန်ကလွတ်မြောက်အောင် ကူညီပေးမှာပါ"ဟု ပြောကြားခဲ့သည်။

နည်းပြ ဗျဲလီဆာသည် ယခင်က ဩစတြီးယားကလပ် ဝုဖ်ဘာကာ၊ ဩြော်ဝိန်း၊ အီတလီကလပ် စပီဇီယာ၊ ပိုလန်ကလပ် လက်ပိုဇနန်၊ ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်၊ အိုစီဂျက်အသင်းနှင့် တူရကီကလပ်ထရာဗွန်စပေါ် အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



### အားကစားသတင်း အတိုအထွာများ

- ကာဒီဇက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ဘယ်လင်ဟမ်သည် လာလီဂါ ၁၂ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။
- မန်ယူအသင်းက အဲဗာတန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပေးဂိုးမရှိသည့်ပွဲပေါင်း ၅၀၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အေဗီလာအသင်းမှ ဒေါက်ကလပ်လူးဝစ်နှင့်အယ်ဟိုင်လာအသင်းမှ နီဗက်တို့ကိုခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေသည်။

**ML**

# Davis Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီအသင်းဆွတ်ခူး




**မာလာဂါ နိုဝင်ဘာ ၂၇**

စပိန်နိုင်ငံ မာလာဂါမြို့တွင် ကျင်းပခဲ့သော Davis Cup တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက (၂-၀)ရလဒ်ဖြင့် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီနှင့် ဩစတြေးလျအသင်းတို့ပွဲစဉ်တွင် တစ်ဦးချင်း ပွဲစဉ်(၁)အဖြစ် ဩစတြေးလျအသင်းမှ အလက်ဇီပေါ့ရင်နှင့် အီတလီအသင်းမှ မက်တီယိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက်တီယိုက (၇-၅၊ ၂-၆၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

တစ်ဦးချင်း ပွဲစဉ်(၂)အဖြစ် ဩစတြေးလျအသင်းမှ ဒီမီနောနှင့် အီတလီအသင်းမှ ဂျန်နစ်ဆင်နာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ဆင်နာက (၆-၃၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်အတွက် အီတလီအသင်းက (၂-၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဂျန်နစ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်တွင်လည်း ဆားဘီးယားအသင်းမှ ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို အနိုင်ရရှိအောင် ကစားနိုင်ခဲ့ပြီး အီတလီအသင်းကို ဗိုလ်လုပွဲစဉ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ရာတွင် အဓိကလက်စွမ်းပြခဲ့သည့် ကစားသမားဖြစ်သည်။

ဂျန်နစ်ဆင်နာသည် ဗိုလ်လုပွဲစဉ်တွင် ဩစတြေးလျအသင်း၏ အကောင်းဆုံးကစားသမားဖြစ်သည့် ဒီမီနောကို ပြတ်သားသည့်ရလဒ်များဖြင့်အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင် ဒီမီနောသည် ပွဲသေးတစ်ပွဲမှပင် အနိုင်မရခဲ့သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဂျန်နစ်ဆင်နာက "အီတလီအသင်းသားတွေအားလုံး ဝမ်းသာဂုဏ်ယူနေကြပါတယ်။ အရမ်းလဲပျော်နေကြတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာ ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရတဲ့အတွက် အားလုံးက ပင်ပန်းခဲ့ကြတယ်။ ဗိုလ်လုပွဲစဉ်မှာတော့ ပိုကောင်းအောင်ကစားနိုင်ခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့လို့ အီတလီ အသင်းသားတွေအားလုံး ပျော်ရွှင်နေကြပါတယ်။ ကျွန်တော့်အနေနဲ့လဲ တစ်ဦးချင်းအောင်မြင်မှုထက် အခုလိုအီတလီကိုယ်စားပြုအနေနဲ့ ယှဉ်ပြိုင်ကစားပေးရပြီး အောင်မြင်မှုရယူနိုင်တာ ပိုပြီးတော့ ဝမ်းသာဂုဏ်ယူရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နည်းပြဇာဗီ၏နေရာတွင် အစားထိုးရန်အတွက် ဆိုစီဒက်နည်းပြ အယ်ဂွါစီကို ဘာစီလိုနာအသင်းပစ်မှတ်ထား

**ဘာစီလိုနာ နိုဝင်ဘာ ၂၇**

ဘာစီလိုနာ အသင်းသည် ဆိုစီဒက်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြအယ်ဂွါစီကို နည်းပြဇာဗီနှင့် လမ်းခွဲခဲ့ပါက အနာဂတ်တွင် ဘာစီလိုနာအသင်း နည်းပြအဖြစ် ခန့်အပ်နိုင်ရန် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက ပစ်မှတ်ထားနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် နည်းပြဇာဗီသည် ဘာစီလိုနာအသင်းကို ရလဒ်ပိုင်း တည်ငြိမ်မှုရရှိအောင် ရုန်းကန်နေရသော်လည်း အသင်းတာဝန်ရှိသူများက ဇာဗီ၏နည်းပြရာထူးနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်ပြောကြားခြင်းမရှိဘဲ နည်းပြအယ်ဂွါစီကိုအနာဂတ်တွင် ဘာစီလိုနာအသင်းနည်းပြအဖြစ်ခန့်အပ်နိုင်ရေး အာရုံစိုက်နေခြင်းဖြစ်သည်။

ထို့ပြင် နည်းပြအယ်ဂွါစီသည် မကြာသေးမီက မာကာသတင်းစာက ချီးမြှင့်ပေးအပ်သည့်တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးပြီးနောက် အားကစားဒါရိုက်တာ ဒေကိုနှင့်အသင်းဥက္ကဋ္ဌ လာပေါ်တာတို့က ၎င်းကိုဘာစီလိုနာအသင်း နည်းပြအဖြစ် ခန့်အပ်နိုင်ရန် ပြင်ဆင်နေသကဲ့သို့ ဆိုစီဒက်အသင်းတွင် အယ်ဂွါစီအသုံးပြုနေသည့် ဘောလုံးကစားဟန်နှင့် နည်းစနစ်ပိုင်းကို သဘောကျနှစ်သက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြအယ်ဂွါစီသည် ဆိုစီဒက်အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေပြီး လက်ရှိအချိန်တွင် အသင်းမှ ထွက်ခွာရန် ဆန္ဒမရှိသေးသော်လည်း အနာဂတ်တွင် ဘာစီလိုနာအသင်းကဲ့သို့ လူငယ်ကစားသမားဖြင့်စုဖွဲ့ထားသည့် အသင်းကို တာဝန်ယူရန် စိတ်ဝင်စားကြောင်း ပြောကြားခဲ့သောကြောင့် နည်းပြဇာဗီ၏နေရာကို တာဝန်ယူမည့် နည်းပြ ဖြစ်လာနိုင်သည်ဟု သတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# အေဗီလာအသင်းနှင့်ပွဲစဉ်တွင် ဘန်တန်ကာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ဟု စပါးအသင်းထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၂၇**

စပါးအသင်းသည် အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဘန်တန်ကာကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရသဖြင့် ဒဏ်ရာရကစားသမား များပြားသည့် အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘန်တန်ကာသည် ပွဲကစားချိန် ၂၇ မိနစ်အရောက်တွင် အေဗီလာအသင်း ခံစစ်ကစားသမား မက်တီကက်နှင့် ထိခိုက်မိခဲ့သဖြင့် ပြိုင်ပွဲကိုဆက်လက်မကစားနိုင်တော့သောကြောင့် ပွဲကစားချိန် ၃၂ မိနစ်တွင် အသင်းဖော်ကစားသမား ဟော့ဂျက်နှင့် လူစားလဲခဲ့ရပြီးနောက် စပါးအသင်းတွင် ဒဏ်ရာရကစားသမား မြင့်တက်လာခဲ့သည်။

လက်ရှိတွင် စပါးအသင်းသည် အေဗီလာအသင်းနှင့်ပွဲစဉ်မတိုင်မီကတည်းက အဓိက ကစားသမားများဖြစ်သည့် မက်ဆီဒင်နှင့် ဗန်ဒီဗန်၊ ရီချီယို၊ ပါပီဆား စသည့်အဓိက ကစားသမားများအပါအဝင် ကစားသမား ၁၀ ဦးထိ ဒဏ်ရာရပွဲပယ်ကြောင့် ပါဝင်နိုင်ခြင်းမရှိဘဲ ယခုပွဲစဉ်တွင် ကွင်းလယ်ကစားသမားဘန်တန်ကာအနေဖြင့် ဒဏ်ရာထပ်မံရရှိခဲ့သဖြင့် နည်းပြပိုစတီကိုဂလူအတွက် အဓိက ထိုးနှက်ချက်ဖြစ်လာခဲ့ကြောင်း သိရသည်။



နည်းပြပိုစတီကိုဂလူသည် စပါးအသင်းကို ယခုနှစ်မှစတင်တာဝန်ယူခဲ့သော်လည်း ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အသင်းအနေဖြင့် အမှတ်ပေးဇယားထိပ်သို့တက်ရောက်နိုင်ခဲ့သည့်အပြင် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် အကောင်းဆုံးနည်းပြဆုကို သုံးကြိမ်ဆက်တိုက်ဆွတ်ခူးခဲ့ပြီးနောက် ချဲလ်ဆီးအသင်းနှင့် ဝုဗ်အသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက် ဒဏ်ရာရကစားသမား များပြားလာခဲ့ကာ ရှုံးပွဲဆက်တိုက်ကြုံတွေ့ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၅)သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း အမျိုးသား၊အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်၊ တတိယလုပွဲနှင့်ဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၇**

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ပူးပေါင်း ကျင်းပသည့် ပြည်နယ်နှင့်တိုင်း ဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ် များကို ယနေ့နံနက် ၉ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ရုံ(C)၌ ဆက်လက်ကျင်းပခဲ့ ကြောင်း သိရသည်။

ယနေ့ ပွဲစဉ်များအဖြစ် ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ ဆီမီးဖိုင်နယ်ပွဲစဉ် များတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်း ကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီ တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊အမျိုးသမီး လေးယောက်တွဲ ဆီမီးဖိုင်နယ်ပွဲစဉ် များတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန် ပြည်နယ်အသင်းက စစ်ကိုင်းတိုင်း ဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲ ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး လေးယောက်တွဲ တတိယလုပွဲစဉ် တွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ဗိုလ်လု ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုး သားလေးယောက်တွဲ တတိယလု ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်း ကောင်း၊ ဗိုလ်လုပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်း ကောင်း အသီးသီးအနိုင်ရရှိခဲ့ကြ ကြောင်း သိရသည်။ **STA**

# Joburg Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဘားမက်စတာ ဆွတ်ခူး

**ဂျိုဟန်နက်စဘတ် နိုဝင်ဘာ ၂၇**

တောင်အာဖရိကနိုင်ငံ ဂျိုဟန် နက်စဘတ်မြို့တွင် ကျင်းပခဲ့သော Joburg Open ဂေါက်သီးရိုက် ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးရိုက် ကစားသမား ဘားမက်စတာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြ ခဲ့သည်။

တောင်အာဖရိကဂေါက်သီးရိုက် ကစားသမား တစ်ဦးဖြစ်သည့် ဖစ်ချက်က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက် ကာ အမှတ်ပေးဇယား၏ ဒုတိယ နေရာတွင်ရပ်တည်နိုင်ခဲ့ပြီး အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဘရက်ဘူရီက စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက် ကာ အမှတ်ပေးဇယား၏ တတိယ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

တတိယနေ့အပြီးတွင် အမှတ်ပေး ဇယားကို ဦးဆောင်နိုင်ခဲ့သည့် တောင်အာဖရိက ဂေါက်သီးရိုက် ကစားသမား လောရင့်သည် နောက်ဆုံးနေ့တွင် စွမ်းဆောင်ရည် ကျဆင်းကာ သတ်မှတ်ရိုက်ချက် ထက် ငါးချက်ပိုရိုက်ခဲ့သည့်အတွက် ပြိုင်ပွဲအပြီးတွင် အမှတ်ပေးဇယား ၏ အဆင့်(၇)နေရာ၌သာရပ်တည် နိုင်ခဲ့သည်။

လက်ရှိချန်ပီယံအနေဖြင့် ပါဝင် ယှဉ်ပြိုင်ခဲ့သည့် ဘရက်ဘူရီသည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင် ရန်နီးစပ်ခဲ့သော်လည်း ပထမနေ့ နှင့် ဒုတိယနေ့တွင် ပုံစံကောင်းရရှိ ရန် ရုန်းကန်ခဲ့သည့်အတွက် တတိယနေ့နှင့် နောက်ဆုံးနေ့တို့ တွင် ရလဒ်ကောင်းခဲ့သော်လည်း လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရေး အခက်တွေ့ခဲ့ရသည်။

ဘားမက်စတာက "လောရင့်က တတိယနေ့ထိကို အမှတ်ပေးဇယား ထိပ်မှာ ဦးဆောင်နိုင်ခဲ့တယ်။ ဒါပေမဲ့လဲ နောက်ဆုံးနေ့မှာသူရလဒ် ကျသွားလို့သာ သူ့ကိုအမီလိုက်နိုင်ခဲ့ တာပါ။ လောရင့်ဟာ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ နောက်ဆုံးနေ့ရဲ့ နောက်ဆုံးကျင်းထိကို စိတ်ရှည်ရှည် ထားပြီး ပွဲအပေါ် သေချာအာရုံစိုက် ခဲ့ပါတယ်။ အခုပြိုင်ပွဲမှာ လောရင့်နဲ့ လက်ရှိချန်ပီယံ ဘရက်ဘူရီတို့လဲ ပါဝင်နေတဲ့အတွက် အောင်မြင်မှု ရရှိဖို့ အကောင်းဆုံးပုံစံမှာရှိနေဖို့ ကြိုးစားခဲ့တယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



# WBA စူပါဖလိုင်းဝိတ်တန်း လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို ဒီဇင်ဘာ ၃၁ ရက်တွင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ကာဇူတို ပြောကြား

**အိုတာ နိုဝင်ဘာ ၂၇**

WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ငါးကြိမ် တိုင်တိုင် အောင်မြင်စွာကာကွယ် ထားနိုင်သည့် ဂျပန်လက်ဝှေ့သမား ကာဇူတိုသည် ယခုနှစ် ဇွန်လတွင် WBA စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ ချန်ပီယံခါးပတ်ကိုလည်း ဆွတ်ခူး ထားပြီး လာမည့် ဒီဇင်ဘာ ၃၁ ရက်တွင် WBA စူပါဖလိုင်း ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ် ပွဲစဉ်အဖြစ် ဗင်နီဇွဲလားလက်ဝှေ့ သမား အလက်ဇန်ဒါးပီရက်ဇ်နှင့် ဂျပန်နိုင်ငံ အိုတာမြို့တွင် ထိုးသတ် မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ကာဇူတိုအနေဖြင့် WBO စူပါ ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ငါးကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်ထားနိုင်သော်လည်း WBA စူပါဖလိုင်းဝိတ်တန်းကို ပထမ ဦးဆုံးအကြိမ် ကာကွယ်ရမည် ဖြစ်သည်။

ကာဇူတိုသည် WBA စူပါ ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် အမေရိကန် လက်ဝှေ့သမား ယောရှုဖရန်ကိုအား ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကာဇူတိုသည် စူပါဖလိုင်း ဝိတ်တန်းတွင် ရှုံးပွဲ နှစ်ပွဲသာ ရှိထားသော်လည်း ၂၀၁၉ ခုနှစ် နောက်ပိုင်း ရှုံးပွဲလုံးဝမရှိသေး သည့် ချန်ပီယံတစ်ဦးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ရမှတ်လျှော့ပြစ်ဒဏ်အတွက် အဲဗာတန်အသင်းပရိသတ်များက မန်ယူအသင်းနှင့်ပွဲစဉ်တွင် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ကို ဆန္ဒပြမှုများလုပ်ဆောင်




**လန်ဒန် နိုဝင်ဘာ ၂၇**

အဲဗာတန်အသင်းပရိသတ်များ က မန်ယူအသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်တွင် ရမှတ်လျှော့ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းအတွက် ပရီး မီးယားလိဂ်အဖွဲ့ချုပ်ကို ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် ပြီးခဲ့ သည့်ဘောလုံးရာသီ သုံးခုအတွင်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်မှ ချမှတ် ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများ ကိုကျော်လွန်ပြီး အရှုံးပေါ်ခဲ့သည့် အတွက် ရမှတ် ၁၀ မှတ်လျှော့ ပြစ်ဒဏ် ချမှတ်ခံခဲ့ရသောကြောင့် ကျေနပ်မှုမရှိသည့်အတွက် ဆန္ဒပြမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်း မတိုင်မီက ပရီးမီးယားလိဂ် အဖွဲ့ချုပ်က မန်စီးတီးအသင်းကို ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်သည့် စွဲချက် ၁၁၅ ချက်ဖြင့် စွဲချက်တင်စစ်ဆေး နေသော်လည်း ပြစ်ဒဏ်ချမှတ် ခဲ့ခြင်းမရှိဘဲ အဲဗာတန်အသင်းကို ပြစ်ဒဏ် ချမှတ်ခဲ့သည့်အတွက် အဲဗာတန်အသင်းနှင့်မန်ယူအသင်း တို့ကစားခဲ့သည့်ပွဲစဉ်တွင် အဲဗာတန် အသင်းပရိသတ်များက ပရီးမီးယား လိဂ်အဖွဲ့ချုပ်လိုဂို ပါဝင်သည့် စာရွက်အနီများကို ပွဲကစားချိန် အတွင်း တစ်ကွင်းလုံးနီးပါး ကိုင်ဆောင်ကာ ဆန့်ကျင်ဆန္ဒပြမှု ပြုလုပ်ခဲ့သည်။

အဲဗာတန်အသင်း ပရိသတ် များက အဲဗာတန်အသင်းနှင့်မန်ယူ အသင်းတို့ပွဲစဉ် မတိုင်မီကလည်း မန်စီးတီးအသင်းနှင့် လီဗာပူးအသင်း တို့ကစားခဲ့သည့်ပွဲစဉ်တွင် မန်စီးတီး အသင်း အိမ်ကွင်းဝေဟင်ထက်၌ ပရီးမီးယားလိဂ် အဖွဲ့ချုပ်သည် လာဘ်စားသည်ဟူသော အဓိပ္ပာယ် ရသည့်စာတန်းကို ဒရုန်းဖြင့်ချိတ်ဆွဲ ပြီးဆန့်ကျင်ဆန္ဒပြခဲ့သကဲ့သို့ မန်ယူ အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် လည်း ကွင်းလုံးပြည့်စာရွက်များ ကိုင်ဆောင်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် မန်ယူ အသင်းနှင့်ပွဲစဉ်အပြီးတွင် ရမှတ် လျှော့ပြစ်ဒဏ်ကြောင့် ၁၃ ပွဲကစား ပြီးချိန်တွင် ရမှတ် လေးမှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၉) နေရာ၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ဒဂုံစတားအသင်း အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ဒဂုံစတား အသင်းနှင့် မြဝတီအက်ဖ်စီအသင်း တို့ကစားခဲ့ရာ ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့် များရရှိခဲ့သော်လည်း အဆုံးသတ် ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမ ပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်မြှင့် ဖိအားပေး ကစားမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ် အနယ်ရှိခဲ့ပြီး ပွဲချိန် ၈၅ မိနစ်တွင် စစ်မုန်းက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် မြဝတီ အက်ဖ်စီအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည် ဖိအားပေး ကစားခဲ့သော်လည်း ဒဂုံစတားအသင်းက အနိုင်ရလဒ်ကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံ စတားအသင်းက မြဝတီအက်ဖ်စီ အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင် ရရှိခဲ့ကြောင်း သိရသည်။ **STA**

# ၁၀ နှစ်သားအရွယ်ရှိလာသော BRI အလားအလာ

ဝင်းဇင်(သုတေသန)

လက်ရှိအချိန်ထိ အဖွဲ့ဝင်နိုင်ငံများအဖြစ် အာဖရိကမှ ၄၄ နိုင်ငံထိရှိလာပြီဖြစ်သော တရုတ်၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) သည် သက်တမ်း ၁၀ နှစ်ကျော်လာပြီဖြစ်သည်။ သမ္မတရှီကျင့်ဖျင်သည် ၂၀၁၃ ခုနှစ်တွင် ကာဇက်စတန်၌ ပထမဆုံးမိန့်ခွန်းပြောကြားခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ဒုတိယအကြိမ်မြောက် မိန့်ခွန်းပြောကြားခဲ့သည်။

ကာဇက်စတန်၌ပြောကြားခဲ့သော မိန့်ခွန်းတွင် Belt ဆိုသည်မှာ မူဝါဒပိုင်းဆိုင်ရာ ချိတ်ဆက်မှု ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း၊ လမ်းချိတ်ဆက်ခြင်း၊ ငွေကြေးထုတ်ဝေခြင်း၊ ပြည်သူအချင်းချင်းချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းတို့ပါဝင်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပြောကြားခဲ့သည့် အဓိကအချက် ငါးချက်မှာ သံခင်း၊ တမန်ခင်းကို ဇဟိုပြုထားသည်။ ၎င်းအချက်များတွင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်ထောက်ပံ့ကူညီခြင်း၊ ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်းနှင့် ပွင့်လင်းမြင်သာပြီး အားလုံးအကျုံးဝင်သော အချက်များပါရှိသည်။

စီးပွားရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များသည် တရုတ်-အာဖရိက ပထဝီစီးပွားရေးဆိုင်ရာ ဆက်ဆံရေးတွင် ပိုမိုစိတ်ပါဝင်စားလျက်ရှိသည်။ BRI စတင်ကတည်းက လမ်းကွန်ရက်ချိတ်ဆက်မှုတွင် သိသာထင်ရှားသော အောင်မြင်မှုရရှိလျက်ရှိသည်။ တရုတ်နိုင်ငံသည် နိုင်ငံများစွာ၌ ရထားလမ်းများ၊ အဝေးပြေးလမ်းများနှင့် စွမ်းအင်စီမံကိန်းများစွာတွင် ဘဏ္ဍာငွေများစွာ ပံ့ပိုးကူညီပေးလျက်ရှိသည်။ ပြည်သူများနှင့် လူသုံးကုန်ပစ္စည်းများစွာသည် နိုင်ငံများကြားတွင် ယခင်ကထက်ပိုမို လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်ပြီဖြစ်သည်။

အဆိုပါစီမံကိန်းအများစုကို တရုတ်ပို့ကုန်-သွင်းကုန်ဘဏ်နှင့် တရုတ်ဖွံ့ဖြိုးတိုးတက်မှုဘဏ်အပါအဝင် တရုတ်ဘဏ်များထံမှ ချေးငွေများဖြင့် တည်ဆောက်ထားရှိခြင်းဖြစ်သည်။ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သည့် BRI ၁၀ နှစ်မြောက်ဖိုရမ်၌ သမ္မတရှီကျင့်ဖျင်သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း တိုးတက်အောင်မြင်မှုကို အလေးထားပြောကြားသွားခဲ့သည်။ ၎င်းအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအရည်အသွေး မြှင့်တင်ရန်အတွက်လည်း ကတိကဝတ်ပြု ပြောကြားခဲ့သည့်အပြင် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရေးနှင့် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးမှုနယ်ပယ်များကိုလည်း အသေးစိတ်ပြောကြားသွားခဲ့သည်။

သမ္မတရှီကျင့်ဖျင်သည် ယခုနှစ် အောက်တိုဘာလအတွင်းပြုလုပ်ခဲ့သော BRI စတင်အကောင်အထည်ဖော်မှု ၁၀ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား၌ BRI အဖွဲ့ဝင်သစ်နိုင်ငံများနှင့် လက်မှတ်ရေးထိုးထားသော နိုင်ငံများကို သတင်းအချက်အလက်များ မျှဝေပေးခဲ့သည်။ အာဖရိကနိုင်ငံများနှင့် ၎င်းတို့၏ဒေသတွင်းအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်မှုဘဏ်များအနေဖြင့် တရုတ်နိုင်ငံက လက်ရှိကမ်းလှမ်းထားသည့် အချက်အလက်များကို နားလည်သဘောပေါက်ရန်နှင့် BRI ၏ မူလအရင်းအမြစ်များ၊ ပြောင်းလဲဖြစ်ပေါ်မှုများ၊ မပြောင်းလဲသေးသော အခြေအနေများကို သိရှိရန် လိုအပ်သည်။

တရုတ်-အာဖရိကဆက်ဆံရေးသည် ရေနံ၊ လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှုနှင့် အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းများအပေါ် အလေးထားမှုထက် ပိုမိုလာခဲ့သည်။ စက်မှုဆိုင်ရာထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖန်တီးခြင်းတို့အပေါ် အလေးထားဆောင်ရွက်လာသဖြင့် အာဖရိကပြည်ပပို့ကုန်များ တိုးမြှင့်ခြင်း၊ လယ်ယာထုတ်ကုန်မြှင့်တင်ခြင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာ အခွင့်အလမ်းများကို ပိုမိုမြှင့်တင်ပေးနိုင်သည်။

**❖ စီးပွားရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များသည် တရုတ်-အာဖရိက ပထဝီစီးပွားရေးဆိုင်ရာ ဆက်ဆံရေးတွင် ပိုမိုစိတ်ပါဝင်စားလျက်ရှိသည်။ BRI စတင်ကတည်းက လမ်းကွန်ရက်ချိတ်ဆက်မှုတွင် သိသာထင်ရှားသော အောင်မြင်မှုရရှိလျက်ရှိသည်။ တရုတ်နိုင်ငံသည် နိုင်ငံများစွာ၌ ရထားလမ်းများ၊ အဝေးပြေးလမ်းများနှင့် စွမ်းအင်စီမံကိန်းများစွာတွင် ဘဏ္ဍာငွေများစွာ ပံ့ပိုးကူညီပေးလျက်ရှိသည်။ ပြည်သူများနှင့် လူသုံးကုန်ပစ္စည်းများစွာသည် နိုင်ငံများကြားတွင် ယခင်ကထက်ပိုမို လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်ပြီဖြစ်သည်။ ❖**

သမ္မတရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သည့် နိုင်ငံတကာဖိုရမ်၌ အဓိကကျသော အချက်ရှစ်ချက်ကို အလေးထား ပြောကြားသွားခဲ့သည်။ သမ္မတရှီကျင့်ဖျင်သည် အရပ်မျက်နှာပေါင်းစုံတွင် လမ်းကွန်ရက်ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ကားလမ်းများ၊ ရထားလမ်းများ၊ လေဆိပ်များ၊ နှီးနွှယ်အုပ်ချုပ်ထောက်ပံ့မှုနှင့် ကုန်သွယ်မှုစကြိုများ တည်ဆောက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုသွားသည်။

သမ္မတရှီကျင့်ဖျင်သည် တရုတ်၏စီးပွားရေးကို ကမ္ဘာကြီးနှင့်ပိုမိုပွင့်လင်းမြင်သာစွာ ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုအဆင့်မြှင့်တင်ခြင်းသည် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် e-Commerce အီလက်ထရွန်နစ်အထောက်အကူပြုကုန်သွယ်မှုအခြေခံသော ပူးပေါင်းဆောင်ရွက်မှုအတွက် ဒစ်ဂျစ်တယ်စီးပွားရေးဇုန် ထူထောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပြောကြားသွားခဲ့သည်။

သမ္မတရှီကျင့်ဖျင်သည် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အခြေခံအဆောက်အအုံစီမံကိန်းများ၊ အသေးစားအသက်မွေးဝမ်းကျောင်း စီမံကိန်းများ၊ နည်းပညာနှင့် အသက်မွေးသင်တန်းအတွက် ရန်ပုံငွေထူထောင်ပေးခြင်းများကို ရည်ညွှန်းပြောဆိုသွားခဲ့သည်။ ၎င်းအနေဖြင့် ပြည်သူအချင်းချင်း အပြန်အလှန် သွားရောက်လည်ပတ်မှုအတွက်လည်း ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။ သမ္မတရှီကျင့်ဖျင်သည် အနုပညာနှင့်ယဉ်ကျေးမှုဆိုင်ရာ မဟာမိတ်ဆက်ဆံရေး ထူထောင်မှုနှင့်စပ်လျဉ်း၍ အသေးစိတ်ပြောကြားသွားခဲ့သည်။

ထို့ပြင် သမ္မတရှီကျင့်ဖျင်သည် နိုင်ငံတကာအဆင့်တွင် BRI ပူးပေါင်းဆောင်ရွက်မှုအတွက် ခိုင်မာအားကောင်းသော အင်စတီကျူတည်ဆောက်သွားရန်လည်း ကတိကဝတ်ပြုပြောကြားသွားခဲ့သည်။ ထိုသို့ပြောကြားရာတွင် စွမ်းအင်၊ အကောက်ခွန်၊ ဘဏ္ဍာရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ ဘေးအန္တရာယ်လျှော့ချခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ အတွေးအခေါ်ပညာရှင်များ၊ မီဒီယာ၊ ယဉ်ကျေးမှုနှင့် အခြားသောနယ်ပယ်များ ပါဝင်သည်။

တရုတ်ဘဏ်များသည် ကမ္ဘာလုံးဆိုင်ရာ တောင်ခြမ်းရှိ အင်စတီကျူးရှင်းများကို ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။ သာဓကအနေဖြင့် တရုတ်ဖွံ့ဖြိုးတိုးတက်မှုဘဏ်သည် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု အဆင်ပြေချောမွေ့စေရန်နှင့် အာဖရိကတိုက် လွတ်လပ်သော ကုန်သွယ်မှုအောက်တွင် အာဖရိက၏ ဒေသဆိုင်ရာကိုယ်ပိုင်ကြိုးပမ်းမှုများ လုပ်ဆောင်ရေးအမြင်ဖြင့် အသေးစားနှင့်အလတ်စား ကုန်သွယ်မှုလုပ်ငန်းများကို အမေရိကန်ဒေါ်လာသန်း ၄၀၀ ထုတ်ချေးပေးရန် သဘောတူညီခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် အစိမ်းရောင်အခြေခံအဆောက်အအုံ၊ အစိမ်းရောင်စွမ်းအင်နှင့် အစိမ်းရောင် ပို့ဆောင်ရေးအပါအဝင် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းဆိုင်ရာ အစိမ်းရောင် တီထွင်ဆန်းသစ်မှုကွန်ဖရင့်ကို ကျင်းပခဲ့ပြီး ကျွမ်းကျင်ပညာရှင်များကွန်ရက်ကို ထူထောင်ခဲ့သည်။ တရုတ်နိုင်ငံသည် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်များတွင် သင်တန်းပေးမည့် အခွင့်အလမ်း ၁၀၀၀၀၀ ကျော်ကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် သိပ္ပံနှင့်နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုကို ဆက်လက်အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် သိပ္ပံနှင့်နည်းပညာ ဖလှယ်ရေးဆိုင်ရာညီလာခံကို လက်ခံကျင်းပခဲ့ပြီး မျိုးဆက်သစ်သိပ္ပံပညာရှင်များကို လေ့ကျင့်သင်တန်းပေးရေးအတွက် ပူးတွဲဓာတ်ခွဲခန်းများ ထူထောင်သွားမည်ဖြစ်သည်။ သမ္မတရှီကျင့်ဖျင်သည် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အဆိုပြုခဲ့သည်။ တရုတ်နိုင်ငံသည် ရိုးသားမှုကိုအခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် BRI အောင်မြင်မှုများ၊ သာယာဝပြောမှုများ၊ အကဲဖြတ်ဆောင်ရွက်မှုများ ပါဝင်မည်ဖြစ်သည်။

BRI သည် ပိုမိုကျယ်ပြန့်သော အစီအစဉ်များ ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှုအရည်အသွေး မြှင့်တင်ရန်နှင့် အစောပိုင်းကာလဖွံ့ဖြိုးတိုးတက်မှုများကို ရှီကျင့်ဖျင်၏ BRI ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း၌ ဖော်ပြထားရှိသည်။ အထူးသဖြင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရန်နှင့်မူဝါဒပိုင်းဆိုင်ရာဆွေးနွေးမှုများတွင် တောင့်တင်းခိုင်မာအားကောင်းရေးတို့ကို အလေးထား ပြောကြားသွားခဲ့သည်။ သမ္မတရှီကျင့်ဖျင်သည် AI အသုံးပြုမှု၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ အီလက်ထရွန်နစ်အထောက်အကူပြု ကုန်သွယ်မှုအပြင် သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုတို့တွင် ပိုမိုအလေးထားခြင်းကဲ့သို့သော နယ်ပယ်များအတွက်လည်း ထပ်လောင်းပြောဆိုခဲ့သည်။ အဆိုပါနယ်ပယ်အသစ်များသည် တရုတ်နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထက် ပိုမိုအရေးပါလျက်ရှိသည်။

တရုတ်၏ BRI ချေးငွေများမှ အကျိုးဖြစ်ထွန်းလျက်ရှိသည့် အချို့သောနိုင်ငံများသည် အကြွေးထောင်ချောက်မိပြီး အတိုးနှုန်းများမြင့်တက်လာလျက်ရှိကြောင်း အချို့သောစီးပွားရေးပညာရှင်များက သုံးသပ်ရေးသားလျက်ရှိသည်။ တရုတ်နိုင်ငံသည် ဒေသတွင်း စီးပွားရေးစွမ်းဆောင်ရှင်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းသူများကို ပစ်မှတ်ထားသော နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့များနှင့် ကုန်သွယ်မှုဘဏ်များကို ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

အာဖရိကတွင် တရုတ်ချေးငွေသည် ပြုပြင်ပြောင်းလဲဖော်ဆောင်နေသော မဟာဗျူဟာများတွက် အခွင့်အလမ်းသစ်တစ်ရပ် ကမ်းလှမ်းပေးလျက်ရှိသည်။ အဆိုပါမဟာဗျူဟာများသည် အာဖရိကတိုက် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ အမှီအခိုကင်းကင်းဖြင့် လုပ်ဆောင်နိုင်ရေးအတွက် တရုတ် အရင်းအမြစ်များကို စဉ်ဆက်မပြတ်ရယူအသုံးပြုသွားမည်ဖြစ်သည်။

**ကိုးကား**

- **Ten Years of the Belt and Road by Asia Times.**

# မကွေးမြို့နယ် ညောင်ပင်ကြီး-ငါးဆောင်ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ညောင်ပင်ကြီး-ငါးဆောင်ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ဇင်လတ်နှင့် တာဝန်ရှိသူများက ညောင်ပင်ကြီး-ငါးဆောင်ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ဇင်လတ်က ကွန်ကရစ်တံတားကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ညောင်ပင်ကြီး-ငါးဆောင် ကျေးရွာချင်းဆက်လမ်းပေါ်၌ အရှည်ပေ ၅၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှအင်ဂျင်နီယာများစုဖွဲ့၍ ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကန်နှစ်ဆင့်ကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာနှင့် ငါးဆောင်ကျေးရွာရှိ အိမ်ခြေ ၆၉၆ အိမ်မှ လူ ၃၁၀၂ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

**သုသု**

# လုတောသားနဲ့ ယောက္ခမလောင်း ဇာတ်ကားကို Y Play Application နှင့် Hey Play YouTube Channel တို့မှ ထုတ်လွှင့်မည်




**ရန်ကုန် နိုဝင်ဘာ ၂၇**

လုတောသားနဲ့ ယောက္ခမလောင်း ရုပ်ရှင်ဇာတ်ကားကို Y Play Application နှင့် Hey Play YouTube Channel တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် လူရွှင်တော် ငြိမ်းချမ်းက ပြောပြ၍ သိရသည်။

လုတောသားနဲ့ ယောက္ခမလောင်း ရုပ်ရှင်ဇာတ်ကားသည် မြင့်မိုရ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကာ ၂၀၁၉ ခုနှစ်က ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး Viu Myanmar Application နှင့် YouTube Channel တို့တွင် လည်းပြသခဲ့ပြီးဖြစ်ကြောင်း၊ ယခု- ထပ်မံ၍ Y Play Application နှင့် Hey Play YouTube Channel တို့တွင် နိုဝင်ဘာ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား၏ဝတ္ထုဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဇော်မြင့်ဦးက တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"မြန်မာဟာသ၊ ဒရာမာရုပ်ရှင် ပရိသတ်တွေ အကြိုက်တွေ့ကြမဲ့ လုတောသားနဲ့ ယောက္ခမလောင်း ရုပ်ရှင်ဇာတ်ကားကတော့ ၂၀၁၉ ခုနှစ်မှာ ရုံတင်ပြီးဖြစ်တဲ့ဇာတ်ကား တစ်ကားဖြစ်သလို ပရိသတ်လဲ နှစ်သက်တဲ့ဇာတ်ကားလဲ ဖြစ်ပါတယ်။ လုတောသားလို့ကြားလိုက်တာနဲ့ ပရိသတ်တွေက စကားအရာမှာ နှစ်ယောက်မရှိအောင်ကြွယ်သူတွေလို့ ပြေးမြင်မိကြမှာပါ။ ဒီဇာတ်ကားထဲမှာတော့ ချစ်စရာကောင်းတဲ့ လုတောသူ၊ လုတောသားတွေရဲ့ ဓလေ့ထုံးစံတွေနဲ့ ကျေးလက်သဘာဝ ဟာသရသပေါ်လွင်အောင် ရိုက်ကူးထားတာတွေကို ပရိသတ်တွေက ရှုစားကြရမှာပါ" ဟု သရုပ်ဆောင် လူရွှင်တော် ငြိမ်းချမ်းက ပြောပြသည်။

လုတောသားနဲ့ ယောက္ခမလောင်းဇာတ်ကားတွင် သရုပ်ဆောင် ခန့်စည်သူ၊ တက္ကသိုလ်ဂွမ်းပုံ၊ မိုးဒီ၊ အိချောပို၊ ကျော်ကျော်၊ ချမ်းမေမြတ်နိုး၊ ငှက်ပျောကြော်၊ ကင်းကောင်၊ ဇော်ဝင်းနိုင် (မန်း)၊ ငြိမ်းချမ်း၊ အောင်ဇော်မင်း၊ အေးသီတာ၊ အေးအေးခိုင် နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Karate Kid အတွက် ကလေးသရုပ်ဆောင် ခေါ်ယူရာ လျှောက်လွှာ ၁၀၀၀၀ ကျော်ရရှိ

**နယူးယောက် နိုဝင်ဘာ ၂၇**

Karate Kid ဇာတ်ကားသစ်အတွက် ကလေးသရုပ်ဆောင်တစ်ဦးကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ယခုသီတင်းပတ်အတွင်း ခေါ်ယူခဲ့ရာ တစ်ရက်တာကာလအတွင်းမှာပင် လျှောက်လွှာပေါင်း ၁၀၀၀၀ ကျော်ရရှိခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

Karate Kid ဇာတ်ကား၏ အဓိက ကလေးသရုပ်ဆောင်နေရာအတွက် တင်သွင်းထားသည့် လျှောက်လွှာများထဲတွင် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ လျှောက်လွှာများသာမက အိန္ဒိယ၊ ဆွီဒင် စသည့်နိုင်ငံများမှ လျှောက်လွှာများလည်း ပါဝင်သည်။

အဆိုပါဇာတ်ကားတွင် မူလ Karate Kid(1984) ဇာတ်ကားမှ မင်းသားကြီး ဂျက်ကီချန်းနှင့် ရက်ဖက်ချီယိုတို့ ပြန်လည်ပါဝင်လာကြောင်း သိရသည်။

Karate Kid ဇာတ်ကားအတွက် ကလေးသရုပ်ဆောင်အဖြစ် ရွေးချယ်ခံရသူသည် အဓိက ကလေးဇာတ်ကောင် ဒန်နီယယ်ရုပ်ဆိုးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# အဆိုတော် JZ ဒေါင်လွဏ်း၏ တစ်ချိန်က မ သီချင်း MV ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ကချင်တိုင်းရင်းသား အဆိုတော် JZ ဒေါင်လွဏ်း၏ တစ်ချိန်က မ အမည်ရှိ တေးသီချင်း Music Video (MV) နိုဝင်ဘာ ၂၆ ရက်က ထွက်ရှိခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

တစ်ချိန်က မ အမည်ရှိ တေးသီချင်းကို တေးရေး၊ တေးဆို JZ ဒေါင်လွဏ်းက ရေးသားထားခြင်းဖြစ်ကာ ယခု တေးသီချင်း Music Video (MV) ကို ဒါရိုက်တာအဖြစ် JZ ဒေါင်လွဏ်းကပင် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ သရုပ်ဆောင် JZ ဒေါင်လွဏ်း၊ Z Ah Bawk တို့ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဒီသီချင်းလေးက လွန်ခဲ့တဲ့အနှစ် ၂၀ လောက်က ကျွန်တော် ရေးဖွဲ့သီဆိုထားတဲ့ သီချင်းလဲဖြစ်ပါတယ်။ အဲဒီတုန်းကလဲ ပရိသတ်အားပေးမှုရခဲ့တဲ့ သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့အနှစ် ၂၀ က ကျွန်တော်ရဲ့ ပထမဆုံးတေးစီးရီးဖြစ်တဲ့ မော်ဒယ်ရည်းစားတေးစီးရီးထဲက တေးသီချင်းလေးတစ်ပုဒ်ကို အမှတ်တရအနေနဲ့ ကိုယ်တိုင်ပြန်လည်သီဆိုသရုပ်ဆောင်ထားတဲ့ တေးသီချင်း Music Video (MV) လေးကို နိုဝင်ဘာ ၂၆ ရက်ကစပြီးတော့ MK Media (May Kha Online Channel) ကနေ ထုတ်လွှင့်ပေးတာဖြစ်ပါတယ်"ဟု တေးရေး၊ တေးဆို JZ ဒေါင်လွဏ်းက ပြောပြသည်။




တစ်ချိန်က မ တေးသီချင်း Music Video (MV) တွင် ပါဝင်သရုပ်ဆောင်ထားသည့် JZ ဒေါင်လွဏ်း၊ Z Ah Bawk တို့သည် လွန်ခဲ့သည့်အနှစ် ၂၀ က အဆိုပါသီချင်းအတွက် Music Video (MV) ရိုက်ကူးခဲ့ကြသူများဖြစ်ပြီး ယခုအကြိမ်တွင်လည်း ပြန်လည်သရုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ASH

# The Ballad of Songbirds and Snakes အမေရိကန်ပြည်တွင်းရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်နေ

**နယူးယောက် နိုဝင်ဘာ ၂၇**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Ballad of Songbirds and Snakes ဇာတ်ကားသည် စတင်ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်တွင်လည်း အမေရိကန်ပြည်တွင်း ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ဆက်လက်ရပ်တည်နေကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ယခုသီတင်းပတ်ကုန် သုံးရက်တာအတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ထိ ရရှိနိုင်ပြီး Lionsgate ကုမ္ပဏီသည် The Ballad of Songbirds and Snakes ဇာတ်ကားကို နိုဝင်ဘာ ၁၇ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဝင်ငွေပမာဏအရ The Ballad of Songbirds and Snakes ဇာတ်ကား၏ စုစုပေါင်း ပြည်တွင်းဝင်ငွေသည် ယနေ့တွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ရှိလာနိုင်သည်။

The Balled of Songbirds and Snakes ဇာတ်ကားတွင် မင်းသမီး ရာချယ်ဇီဂလာ၊ မင်းသား တွမ်ဘလိုက်တို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်ပွဲတော် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရစာသင်တိုက်တွင် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ (၁၉) ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်ပွဲတော်သို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကကြီးများ၊ အလုပ်အမှုဆောင်များအပြင် ရုပ်ရှင်လောကသားများဖြစ်ကြသည့် သရုပ်ဆောင် နေအောင်၊ ခန့်စည်သူ၊ မေသန်းနု၊ ခွဲ့ခွဲ့စန်း စသည့် ရုပ်ရှင်အနုပညာရှင်များစွာလည်း တက်ရောက်ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်လောကသားတွေက နှစ်စဉ် စုပေါင်းမဟာဘုံကထိန်ကို နိုင်သလောက်ကြိုးစားကျင်းပခဲ့တာဆိုရင် အခုကတော့ (၁၉) ကြိမ်ကို ရောက်ခဲ့ပါပြီ။ ကိုယ့်လောကသားတွေအပြင် ပြင်ပအလှူရှင်တွေလဲ ပါဝင်လှူဒါန်းကြတာတွေရှိလို့ ပီတိလဲဖြစ်ရပါတယ်။ ဒီနှစ် ပဒေသာပင်တွေကတော့ အဓိက ငွေကြေးလှူဒါန်းတာဖြစ်ပါတယ်။ ဒီနှစ် စုပေါင်းမဟာဘုံကထိန်မှာတော့ အရင်နှစ်ကျင်းပနေကျအတိုင်းပဲ အစီအစဉ်တွေကို ကျင်းပခဲ့တာပါ"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များနှင့်အတူ ပြင်ပအလှူရှင်များက စုပေါင်းလှူဒါန်းထားသည့် ပဒေသာပင် ၄၀ ကျော်နှင့် ကလေးဝတောရစာသင်တိုက်ရှိ သံဃာတော်များကို ကထိန်သင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ ASH

# Tazaungdine lighting and hot-air balloon launching festival of Maravijaya Buddha Image continues on grand scale

## Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and Daw Kyu Kyu Hla attend the festival



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pay homage to the Maravijaya Buddha Image.

**Nay Pyi Taw November 27**

Tazaungdine lighting and hot-air balloon launching festival of the Maravijaya Buddha Image in Dekkhinathiri Township, Nay Pyi Taw Union Territory began on 25 November and this evening on the fullmoon day of Tazaungdine, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony.

Also present together with the Senior General and wife were the SAC Secretary, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw Council chair, senior military officers and wives, the Nay Pyi Taw Command commander and officials. The ceremony was crowded with a large number of pilgrims including monks.



A large hot-air balloon being released at the festival.

The Senior General and wife and attendees watched the setting off of fireworks for religious purpose and the release of hot-air balloons. The display of fireworks, the launching of hot-air balloons and the release of mini hot-air balloons were held simultaneously.

Then, the Senior General and wife paid homage and offered flowers, water and lights to Maravijaya Buddha Image. They, together with attendees, offered 9000 oil lamps on the platform. Afterwards they cordially greeted the pilgrims including monks.

Senior General Min Aung Hlaing and Daw Kyu Kyu Hla presented cash awards to nine weaving teams that took part in the first ceremony to offer Matho Shwekya Thingan robes to the Image.

The Senior General and wife and attendees enjoyed the setting up of fireworks for religious purpose, release of decorate hot-air balloons and firework-attached hot-air balloons together with the pilgrims.

After launching the hot-air balloons, the Senior General and wife and attendees paid obeisance to the Buddha image by sending small ones into the sky.

The Tazaungdine lighting festival of the Maravijaya Buddha Image was held from 25 to 27 November and it included 9000 oil lamps offering ceremony, uninterrupted recitation of Maha Pathana, recitation of religious verses by wut associations, display of fireworks, first-time weaving and offering of Matho Shwekya robes, release of decorated hot-air balloons and the balloons that set off fireworks in the air. Moreover, the entire Buddha Park was illuminated with LEDs, local products, foodstuff and personal goods manufactured by MSMEs were displayed at the festival, traditional snack stalls were opened, and artistees from MRTV of the Ministry of Information and Myawady music troupe of the Directorate of Public Relations and Psychological Warfare staged entertainment programs. A large number of pilgrims came to the ceremony and paid homage to the Buddha Image.

100



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla preparing to release small hot-air balloons at the festival.

# Plan to start export of Myanmar's coffee to foreign market in March 2024

**Nay Pyi Taw November 27**

Myanmar Coffee Association stated that a plan is underway to export Myanmar's coffee to foreign market starting from March 2023.

Myanmar grows some 38,000 acres of Arabica coffee and some 12,000 acres of Robusta coffee. In this regard, more than 50,000 acres of coffee plantations are cultivated in Mandalay, Magway, Taninthayi and Ayeyawady regions and Kayin, Chin and Shan states.

The whole country yields some 8,000 to 10,000 tons of coffee, 75 per cent of which is exported to domestic and foreign markets.

In the foreign market, Myanmar coffee fetches US$8,300 per ton in the maximum and US$5,500 per ton in minimum depending on quality and types.

Coffee can be plunked from November to February. This year's climatic condition was fine, so yield of coffee may be high. The export season of coffee is between March and May. Myanmar will export coffee bean to foreign countries starting from March 2024.

Arrangements are being made to export more than 10,000 tons of Myanmar coffee to US, the Netherlands, Australia, Korea, China Taipei, France, Germany, Switzerland, Thailand and China in coming season.

In Myanmar, a plan is underway to expend 300,000 acres of coffee within five year in accord with the plan from 2023-24 financial year.

336



Newly plucked coffee beans.

# People happily pay homage to stupas and temples in regions and states on full moon of Tazaungmone (Samanyaphala Day), Tazaungdine lighting festival


Senior General Min Aung Hlaing offers an oil light.

**Nay Pyi Taw November 27**

As today is full moon day of Tazaungmone as well as Samanyaphala Day, one of the significant days of Buddhist people, Tazaungdine and lighting festivals are being held yearly as Myanmar traditional culture.

On the significant days, Buddhists take Sabbaths dedicating to the Lord Buddha, recite Pathana Desana and Parittas, donate Kathina robes at monasteries and make meritorious deeds as well as pay homage to pagodas and stupas.

This evening at the Shwephonepwint Pagoda in Zeyathiri Township, Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and his wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, senior military officers of the Office of the Commander-in-Chief and their wives, and Union level persons and their wives offered oil lights and multicolour lights, flowers and water, and 1,000 oil lamps and happily enjoyed the Samanyaphala Day on full moon of Tazaungmone and Tazaungdine lighting festival.

Roads, buildings and trees in the compound of the Office of the Commander-in-Chief (Army) were also illuminated in addition to the funfairs in commemoration of the Tazaungdine light festival which families of the Office of the Commander-in-Chief (Army, Navy and Air) happily enjoyed.

Likewise, lighting festivals, Shin Uppagutta Pujaniya festival and setting oil lamp adrift into water took place at religious edifices in regions and states. People joined the festival and lit the oil lamps as well as participated in the charity fairs.

Similarly, as now is Tazaungdine holidays, recreation centres, beaches and parks in regions and states are crowded with picnickers to enjoy the full moon of Tazaungmone.

100


Photo shows a place decorated with lights.

# Cooperatives earn over 210 b kyats from the manufacturing, service and trading activities till Oct in 2023-2024 FY


A cooperatives grocery shop.

**Nay Pyi Taw November 27**

The production, service and trade of the cooperatives were able to reach more than 210 billion kyats till October in 2023-2024 FY, according to the reports of the Ministry of Cooperatives and Rural Development.

The Department of Cooperatives, under the Ministry of Cooperatives and Rural Development, is responsible for the formation of cooperatives, providing small capital loans, installment sales of agricultural, commercial, and water machinery, land reclamation for the transition to mechanized farming, the establishment of agricultural support service cooperatives, and the distribution of agricultural inputs, the formation, promotion, assistance, support and financial capital acquisition of manufacturing, trade associations, and service cooperatives, and cooperative education activities.

Among these activities, from April to the end of October in the 2023-2024 FY, 32,001 manufacturing cooperatives, 3,568 service cooperatives, and 3,122 trade cooperatives, totaling 38691 cooperatives, were formed.

In this fiscal year, the cooperatives have targeted to earn 755.065 billion kyats from the production, service and trade activities of these cooperatives.

336

# Chickpea price cheaper in Mandalay market

**Myawady November 27**

Chickpea of Myanmar crops are marketable in Mandalay in the pre-Tazaungdine festival, according to the bean merchants in Mandalay.

In recent days, gram was traded at K7,200 to K7,500 per viss. At present, K5,800 per viss is being sold at the market, said U Soe Win Myint, owner of Soe Win Myint commodity depot in Mandalay.

"Chickpea is favorite of Myanmar. Myanmar makes chickpea in various snacks and cuisines. Myanmar consumes chickpea as well as exports it. Now, local people consume chickpea at cheaper price than groundnut," he explained.

Chickpea is cultivated in cold season once a year. Chickpea is cultivated in upper Myanmar regions and Hinthada and Bago areas of lower Myanmar. Farmers uses Bamar chickpea, Taipei chickpea, V2, V7 and 929 strains.

185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယရေတပ်က တာဝေးပစ် BrahMos သင်္ဘောဖျက်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့



အိန္ဒိယရေတပ်သည် ရုရှားနှင့်ပူးပေါင်း ထုတ်လုပ်ထားသည့် တာဝေးပစ် BrahMos သင်္ဘောဖျက်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီး ၎င်းဒုံးကျည်သည် နိုင်ငံ၏ ပထမဆုံးပြည်တွင်း၌ထုတ်လုပ်သည့် ရေတပ်သုံးတာဝေးပစ်ဒုံးကျည်ဖြစ်လာခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နိုဝင်ဘာ ၂၀ ရက်နှင့် ၂၂ ရက်တို့က ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုတွင် အိန္ဒိယရေတပ်၏ နောက်ဆုံးပေါ်ပြည်တွင်းထုတ် ကိုယ်ပျောက်ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော INS Imphal ပေါ်မှ BrahMos ဒုံးကျည်ကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု ANI သတင်းဌာနက ဖော်ပြခဲ့သည်။

ဤသို့ ဒုံးကျည်များကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုသည် အိန္ဒိယရေတပ်၏ တိုက်ပွဲဝင်အသင့် စွမ်းရည်များနှင့်နိုင်ငံ၏ ကြီးထွားတိုးတက်လာသော သင်္ဘောတည်ဆောက်ရေးစွမ်းရည်များအပေါ် အာရုံစိုက်မှုကိုအလေးပေးဖော်ပြလိုခြင်းဖြစ်ကြောင်း အစီရင်ခံစာက ရေးသားထားသည်။

BrahMos ဒုံးကျည်များကို တပ်တော်မဝင်ရသေးသည့် ဖျက်သင်္ဘော INS Imphal မှ ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းလည်းဖြစ်သည်။

BrahMos ဒုံးကျည်များကို အိန္ဒိယနှင့် ရုရှားတို့က ပူးပေါင်းတီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး မူလက အကွာအဝေး ကီလိုမီတာ ၂၉၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိကာ နောက်ပိုင်းတွင် ကီလိုမီတာ ၄၅၀ နှင့် ကီလိုမီတာ ၅၀၀ ကြားထိ တိုးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

Visakhapatnam အတန်းအစား (Project 15B) ဖျက်သင်္ဘော INS Imphal သည် ဧပြီလတွင် ပင်လယ်ရေပြင် စမ်းသပ်ခုတ်မောင်းမှုများကို စတင်လုပ်ဆောင်ခဲ့သည်။ သင်္ဘောကိုရေတပ်၏ Warship Design Bureau က ဒီဇိုင်းထုတ်ကာ မွမ်ဘိုင်းရှိ Mazagon Dock Shipbuilders Limited (MDL) သင်္ဘောကျင်းမှ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် နယ်ပယ်အသီးသီးမှ နည်းပညာများစွာနှင့် ပြည်တွင်းထုတ် စက်ပစ္စည်းကိရိယာများ အများဆုံးထည့်သွင်းအသုံးပြုထားကြောင်း အိန္ဒိယရေတပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

စစ်သင်္ဘောကို သတ်မှတ်ချိန်ထက် လေးလစောပြီး အောက်တိုဘာလတွင် ရေတပ်သို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြစ်သည်။ သင်္ဘောသား ၃၁၂ ဦး လိုက်ပါနိုင်သော INS Imphal ဖျက်သင်္ဘောသည် ရေမိုင် ၄၀၀၀ အကွာအဝေးအတွင်း ဧရိယာပြင်ပ ပင်လယ်ရေကြောင်းစစ်ဆင်ရေးများတွင် ၄၂ ရက်ကြာ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါစစ်ရေယာဉ်တွင် BrahMos ရေပြင်မှ ရေပြင်ပစ်ဒုံးကျည်များအပါအဝင် ပြည်တွင်းစက်ပစ္စည်းအစိတ်အပိုင်း ၇၅ ရာခိုင်နှုန်းထိ ပါဝင်ဖွဲ့စည်းထားပြီး အိန္ဒိယ-ရုရှား ဖက်စပ်လုပ်ငန်းဖြစ်သော BrahMos Aerospace က ဒီဇိုင်းထုတ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၎င်းတွင် Bangalore ရှိ Bharat Electronics Limited (BEL) က ထုတ်လုပ်သော တာလတ်ပစ် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်များ၊ ပြည်တွင်းထုတ် တော်ပီဒိုဒုံးပစ်လောင်ချာများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းစု Larsen နှင့် Toubro က ပံ့ပိုးပေးသည့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ပြည်တွင်းထုတ်ဒုံးကျည်များ သယ်ဆောင်စစ်ဆင်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကီလိုမီတာ ၅၀၀ ခန့်အကွာအဝေးထိ တိုက်ခိုက်နိုင်သည့် တာဝေးပစ်ဒုံးကျည်ကို စမ်းသပ်ရန် အဆင်သင့်ဖြစ်နေကြောင်း ပြီးခဲ့သည့်လက သတင်းများအရ သိရသည်။ ၎င်းသည် အင်ဒို-ရုရှားထုတ် BrahMos ဒုံးကျည်ကို အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်သည်။ စစ်ဘက်က အတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် BrahMos ဒုံးကျည်နှင့်အတူ ပြည်တွင်း၌ တီထွင်ထုတ်လုပ်ထားသော ဒုံးကျည်အသစ်များသည် အိန္ဒိယ၏ စီစဉ်ထားသော ပေါင်းစည်းဒုံးပျံတပ်ဖွဲ့ (IRF)၏ အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်လာလိမ့်မည်ဟု ကျွမ်းကျင်သူများက အစောပိုင်းတွင် မှတ်ချက်ပြုခဲ့ကြသည်။

**Indian Navy test-fires extended-range BrahMos missile ကို ဘာသာပြန်ဆိုထားပါသည်။**

## ကနေဒါက ယခုနှစ်ကုန်တွင် ယူကရိန်းကို စစ်ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာသန်း ၈၀၀ ပံ့ပိုးမည်

ကနေဒါနိုင်ငံအစိုးရသည် ယခုနှစ်ကုန်တွင် ယူကရိန်းကို စစ်ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ပံ့ပိုးသွားမည်ဟု ရုရှားနိုင်ငံ RT သတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကနေဒါဘဏ္ဍာရေးဝန်ကြီး Chrystia Freeland ထံမှ နိုဝင်ဘာ ၂၀ ရက်က ထုတ်ပြန်သည့် Fall Economic Statement သည် လာမည့်နှစ်များစွာအတွက် အစိုးရအသုံးစရိတ်ကို အလေးပေးဖော်ပြထားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ယူကရိန်းအတွက် စစ်ရေးအကူအညီ စုစုပေါင်းအမေရိကန်ဒေါ်လာ ၈၁၆ သန်းထိ ရှိမည်ဟု အတိအကျခန့်မှန်းဖော်ပြထားကြောင်း သိရသည်။

သို့သော်လည်း ဘတ်ဂျက် အစီရင်ခံစာသစ်တွင် ယူကရိန်းအတွက် ရှေ့ဆက်သွားမည့် လုံခြုံရေးအကူအညီများကို ဖြတ်တောက်သွားရန် အကြံပြုထားသည့်အတွက် ၂၀၂၄ ခုနှစ်တွင် အကူအညီများထဲမှ ထက်ဝက်ကျော်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၃၁၈ သန်းထိ လျှော့ချပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၇ သန်းထိ လျှော့ချကာ လာမည့်နှစ်များတွင် အမေရိကန်ဒေါ်လာ သုညထိ လျှော့ချသွားမည်ဖြစ်ကြောင်းဖော်ပြထားသဖြင့် အနာဂတ်အကူအညီအတွက် အလွန်အမင်း ဖြတ်တောက်ပိတ်ဆို့မှုများကို မျှော်မှန်းတွက်ချက်ထားဟန်ရှိသည်။

ကနေဒါနိုင်ငံသည် ယူကရိန်းသို့ အကူအညီများပေးအပ်ရန် လွှတ်တော်သို့အများအပြား တောင်းခံထားသော်လည်းဖြစ်ရပ်တစ်ခုချင်းအပေါ်မူတည်ကာ နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက ရေရှည်အကူအညီပေးအပ်နိုင်မည့် အစီအစဉ်အပေါ် ဆွေးနွေးညှိနှိုင်းနေကြသည်။ ဇူလိုင်လက ဝန်ကြီးချုပ် Justin Trudeau က ကနေဒါနှင့် အခြား G7 နိုင်ငံများသည် ယူကရိန်းအတွက် တိကျသောနိုင်ငံများကြား ရေရှည်လုံခြုံရေး ကတိကဝတ်များ ချမှတ်နိုင်ရေးအတွက် လုပ်ဆောင်နေကြောင်း ကြေညာခဲ့သော်လည်း အစီအစဉ်တွင် တိုးတက်မှုတစ်စုံတစ်ရာ ရှိ၊ မရှိကိုမူ မသိရသေးပေ။

နိုဝင်ဘာ ၂၀ ရက် ဘတ်ဂျက်ထုတ်ပြန်ချက်တွင် လာမည့်ခြောက်နှစ်အတွင်း ကနေဒါနိုင်ငံသည် ၎င်း၏အကြီးမားဆုံးပြည်ပမစ်ရှင်ဖြစ်သည့် Operation REASSURANCE အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံခန့်ကို ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ NATO မဟာမိတ်နိုင်ငံများ အာမခံချက်ရရှိရေးနှင့် ဟန့်တားရေးအစီအမံများကို အထောက်အကူ ဖြစ်စေလိမ့်မည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက မှတ်ချက်ပြုခဲ့သည်။



အဆိုပါမစ်ရှင်အရ လက်ရှိတွင် ကနေဒါတပ်ဖွဲ့ဝင် ၁၀၀၀ ခန့်ပါဝင်နေပြီး ထို မဟာမိတ်တပ်ပေါင်းစုကို မကြာမီတွင် တပ်မဟာအရွယ်အစား (စစ်သား ၅၀၀၀ ထိ) အင်အားအပြည့်ဖြင့် Leopard 2 ပင်မတိုက်ပွဲဝင် တင့်ကား ၁၅ စီးပါ တပ်ခွဲ တစ်ခွဲကိုပါ ဖြန့်ကြက်ချထားသွားမည်ဖြစ်သည်။

ကနေဒါနိုင်ငံသည် တိုက်ရိုက်စစ်ရေးအကူအညီအဖြစ် အမေရိကန် ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံကျော်ထဲတွင် အကြီးစား စစ်လက်နက်ပစ္စည်းများ၊ ခဲယမ်းမီးကျောက်များနှင့် မော်တော်ယာဉ်မျိုးစုံကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ရုရှားနှင့် ပဋိပက္ခများ ဖြစ်ပွားပြီးကတည်းက ယူကရိန်းသို့ ပေးအပ်ထားပြီးဖြစ်သည်။

ရုရှားသည် ယူကရိန်းသို့ နိုင်ငံခြားလက်နက်များထောက်ပံ့မှုအားလုံး ရှုတ်ချကန့်ကွက်ခဲ့ပြီး ထိုသို့ စစ်လက်နက်များ ထောက်ပံ့မှုသည် ပဋိပက္ခကို ရှည်ကြာစေကာ ယူကရိန်းအထူးစစ်ဆင်ရေး၏ စစ်ရေးရည်မှန်းချက်များကို ဟန့်တားရန် အနည်းငယ်သာ စွမ်းဆောင်နိုင်လိမ့်မည်ဟု အခိုင်အမာပြောကြားထားသည်။

**Canada's aid to Ukraine to top $800 million ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်း ၁၂၃၉ ဧကနှင့် ပန်းနှမ်း ၁၂၆၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်း ၁၂၃၉ ဧကနှင့် ပန်းနှမ်း ၁၂၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်း ၂၄၅၆ ဧကနှင့် ပန်းနှမ်း ၃၃၅၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၂၆ ရက်ထိ ဆီမုန်ညင်း ၁၂၃၉ ဧကနှင့် ပန်းနှမ်း ၁၂၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို နှစ်စဉ် စိုက်ပျိုးမှုတွေရှိကြပါတယ်။ ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းကာလမှာ ပန်းနှမ်းနဲ့ ဆီမုန်ညင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ အခု ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ကျန်စိုက်ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဆီမုန်ညင်း ၅၇ ဧက၊ ပန်းနှမ်းဧက ၁၉၀ နှင့် ဖောင်းပြင်မြို့နယ်တွင် ဆီမုန်ညင်း ၁၁၈၂ ဧက၊ ပန်းနှမ်း ၁၀၇၇ ဧက စုစုပေါင်း ဆီမုန်ညင်း ၁၂၃၉ ဧက၊ ပန်းနှမ်း ၁၂၆၇ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဆီမုန်ညင်း ၄၆၄ ဧက၊ ပန်းနှမ်းဧက ၁၆၁၀ နှင့် ဖောင်းပြင်မြို့နယ်တွင် ဆီမုန်ညင်း ၁၉၉၂ ဧက၊ ပန်းနှမ်း ၂၁၄၄ ဧက ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ပန်းနှမ်းနှင့် ဆီမုန်ညင်းဧက ၆၂၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မော်လိုက်မြို့နယ်တွင် ပန်းနှမ်း ၁၅၉၉ ဧက၊ ဆီမုန်ညင်း ၄၅၅ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ပန်းနှမ်း ၂၁၃၄ ဧက၊ ဆီမုန်ညင်း ၁၉၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# သရက်မြို့နယ် ကမ်းနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကမ်းနီကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကမ်းနီကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကမ်းနီကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကမ်းနီကျေးရွာရှိ ကျေးလက်ပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။ **ဧင်မာ**



# ကြံခင်းမြို့နယ် ရေနံတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရေနံတောင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ပြည့်ဖြိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အသင်းဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ် ၃၀ ဒသမ ၇၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေနံတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၃၀ ဒသမ ၇၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၁၁-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၅၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်စဉ်။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများက ဆီမီး များ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိ ပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော် ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တန်ဆောင် တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲကြသည်။

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲ တော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များ တွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော် ကို သာယာလှပစွာပြုလုပ်ထားရှိပြီး ပျော်ပွဲ ရွှင်ပွဲများကိုလည်းပြုလုပ်ထားရှိရာ ကာကွယ် ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု များက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင် ကြည်နူးစွာဆင်နွှဲကြသည်။

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပ ဂုတ္တာမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲ များကို ကျင်းပပြုလုပ်ကြရာ အများပြည်သူ များ စိတ်အေးချမ်းသာစွာ လာရောက် ထွန်းညှိပူဇော် ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင် စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား သိုက်မြိုက်လျက်ရှိသည်။

စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်အား သာယာလှပစွာပြုလုပ်ထားသည်ကို တွေ့ရစဉ်။

စာမျက်နှာ ၁၈ မှအဆက်

အလားတူ တန်ဆောင်တိုင်ရှုံးပိတ်ရက်ကာလဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။











တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ






တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့ကို တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို နိုဝင်ဘာ ၂ ရက်မှ ၂၅ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ကျုံကူးကျေးရွာ၊ ချောင်းဝရွာ၊ တောင်ကလေးကျေးရွာ၊ လပွတ္တာမြို့နယ်ရှိ တူးမြောင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ပုသိမ်ခရိုင် ချောင်းသာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ရခိုင်ကမ်းရိုးတန်းဒေသများဖြစ်သော တောင်ကုတ်ခရိုင် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ သံတွဲမြို့ မောင်ရွှေလေးကျေးရွာ၊ ကွင်းပိုင်းကျေးရွာနှင့်အနီးတစ်ဝိုက်ဒေသများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာ ရောဂါ ၅၂၁၉ဦး၊ ခွဲစိတ်ရောဂါ ၁၀၁၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၅၆ ဦး၊ ကလေးရောဂါ ၈၀၉ ဦး၊ အရိုးရောဂါ ၁၉၄၇ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၉၄၁ ဦး၊ မျက်စိရောဂါ ၃၁၇၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၃၃၄ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၅၀၉၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၂၆ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၁၉၇ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၉၆ ဦး၊ Ultrasound ရိုက်လူနာ ၇၈၆ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၈၀၆ ဦးနှင့် ECGစက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံလွှဲပြောင်းကုသရန်လိုအပ်သူ ၆၈ ဦးကိုလည်း သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် သုံးဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ဝင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းက ပေးအပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် ၁၇ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်(ရေ) 44th PLA Navy Escort Task Group(ETG)မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo၊ ဖရီးဂိတ်စစ်ရေယာဉ် Jing Zhou နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Qian Dao Hu တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း၊ တရုတ်-မြန်မာဗုဒ္ဓဘာသာအသင်းတို့မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။





တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ အဖွဲ့ခေါင်းဆောင် Senior Captain Sun Bo အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊အရာရှိစစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Sun Bo ဦးစီး၍ အရာရှိ၊စစ်သည်စုစုပေါင်း ဦးရေ ၇၀၀ ခန့် လိုက်ပါလာပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊နှစ်နိုင်ငံချစ်ကြည်ရေး အားကစား ပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၇**


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့်တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသော ဒံပေါက်ထမင်းဘူးများကို တပ်မတော်မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံယာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း"စသည့်ဆုတောင်း မေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။



စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ပြည်သူများက ရေးသားပေးပို့သည့် မေတ္တာစာလွှာများကို တွေ့ရစဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ ဆိပ်ကမ်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ အခြေပြု၍ မအူပင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူဦးရေ ၆၈၀ ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါဦးရေ ၁၇၀ ၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၄၇ ဦး၊ အရိုးရောဂါဦးရေ ၁၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၂၁၂ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၂၀ တို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူတစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လာရောက်ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများကို နေ့လယ်စာထမင်းဘူးများ ပေးဝေလှူဒါန်းသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူတစ်ဦး၏ စကားသံများကို ယခုလိုပဲကြားသိရပါတယ်-

**ဒေါ်နော်အဲလစ်**

ဒူးတွေ၊ ခြေသလုံး၊ ခြေဖဝါးတွေကျဉ်ပြီးတော့ ကိုက်တာ၊ ပြီးတော့ ကျွန်မလမ်းလျှောက်လို့ သိပ်အဆင်မပြေဘူးပေါ့။ လမ်းလျှောက်လို့အဆင်မပြေတာ ကျွန်မခဏခဏဖြစ်တယ်။ဒီလိုပဲ ဆေးလေးသောက်ပြီးလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀ ရက်လောက်ကတစ်ခေါက်ပြလိုက်တယ်။ ပြပြီးတော့ ဒီလိုပဲကိုက်နေတယ်ဆိုပြီးတော့ ကျွန်မ မပြောဘဲနေနေတာ။အဲ့ဒါ ကျွန်မတို့ရဲ့ ကလေးတွေ ဘုရားရှိခိုးပြီးပြန်မယ်လုပ်တော့ ကူးတို့ကူးခါနီး နယ်လှည့်ဆေးကုသအဖွဲ့လာတယ်ဆိုပြီး သိရပါတယ်။ အဲ့ဒါနဲ့ အမိုးက နင်ဒီလောက်ဖြစ်နေတာသွားပြလိုက်ပါဆိုတော့ ကျွန်မလည်းထွက်လာဖြစ်ပါတယ်။ အခုလိုလာရောက် ကုသပေးတဲ့အတွက် ကျွန်မဝမ်းလည်းသာပါတယ်။ တောရွာတွေဆိုတော့ တော်ရုံတန်ရုံမသွားနိုင်တဲ့သူတွေလည်းအဆင်ပြေတယ်။ ဒီမှာ ပရဟိတလာကုပေးတဲ့အတွက်လည်းကျွန်မတို့ကလာပြဖြစ်တယ်။ဆေးရုံဆေးခန်းရှိလည်း တော်ရုံတန်ရုံဆိုမသွားကြ၊ မလာကြတဲ့သူတွေလည်းရှိတယ်။ ကုသပေးတဲ့နယ်လှည့်



ဆေးကုသရေးအဖွဲ့ကို အများကြီး ကျေးဇူးတင်ပါတယ်။ လူထုကျန်းမာရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးတဲ့အတွက်လည်း တပ်မတော်ကြီးနှင့်တကွ ဆရာဝန်များ၊ ဆရာ၊ ဆရာမများနဲ့ ပရဟိတအဖွဲ့များကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်ဟု ပြောသည်။

# တန်ဆောင်မုန်း

မောင်လူမွေး(မြန်မာမှု)

ကထိန်ဆိုသည်မှာ ကထိနပါဠိဘာသာမှ ပါဠိပျက်အဖြစ်သုံးကာ (ကထိန=ကထိန်)ဟု သုံးခြင်းဖြစ်၏။ မြန်မာလို "ကောင်း၏"၊ "ကောင်းခြင်း" ဟု ချီးကျူးသြဘာထောမနာပြုသော ဝေါဟာရဖြစ်၏။ သင်္ကန်းအဝတ်ကို ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသည့်ကထိန်မှုနှင့်စပ်သမျှအရာများကိုခြုံ၍ ခေါ်ဝေါ်သောဝေါဟာရဖြစ်လေသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်၍ပြည့်ဝ၏။ ကြတ္တိကာနက္ခတ်သဘောမှာ ပေါက်ကွဲစေတတ်သော၊ အလင်းရောင်ကွန့်မြူးသော၊ ပျော်ရွှင်မှုအားလုံး ဆေးဘက်ဆိုင်ရာ စသည်များကိုညွှန်းဆိုပါ၏။ ထို့ကြောင့် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပကြ၏။ ဆေးပေါင်းခသည်ဟု မဲဇလီဖူးသုပ်စားကြ၏။

တန်ဆောင်မုန်းလကို ပုဂံခေတ်ထိုး ကျောက်စာများတွင် "တန်ဆောင်မှုန်" ဟု ဝိသဇ္ဇနီ (ဝစ္စပေါက်) မပါဘဲ ရေးထိုးကြ၏။ "တန်ဆောင်မုန်း၊ တန်ဆောင်မှုန်း" အရေးအခေါ် နှစ်ရပ် ကွဲပြားသော်လည်း သဘောတူပင်ဖြစ်လေသည်။ အင်းဝခေတ်လောက်တွင် "တန်ဆောင်မုန်း" ဟု "မှုန်း" တွင် ဟထိုးဖျောက်၍ ရေးလာကြ၏။ ပုဂံခေတ်က ရေးခဲ့သော "ဖုရှား" "နှံ့ပဲပင်" ဟု ရေးသော ဝေါဟာရအချို့တွင် "ရှား" "နှံ့"တို့၌ ဟထိုးဖျောက်ကာ "ဖုရား" "နပဲပင်" ဟု ရေးလာကြလေသည်။

တန်ဆောင်တွင် "တန်" ပုဒ်သည် တန်လှပ်၊ တန်လျှပ်၊ သက်တန် ဆိုသည့်သဘောသွား၊ တန်နှင်ကနွေ (တနင်္ဂနွေ)၊ တန်နှင်လာ (တနင်္လာ) ကဲ့သို့သော နေနေ့ဟော၊ အရောင်အလင်းရောင်ဟော "တန်" ပုဒ်နှင့် အလားတူဖြစ်ကြောင်းကို တရုတ်၊ တိဗက်၊ စီးယင်ချင်း၊ မွန်၊ ပလောင်၊ တင်ခုလ်နာဂ၊ လိုင်နာဂ စသည့် လူမျိုးစုများ၏ ဝေါဟာရများနှင့်ဆက်စပ်၍ **"အလင်းရောင်"** ဟုအဓိပ္ပာယ်ရသည်။

"ဆောင်" ပုဒ်မှာ သယ်ဆောင်၊ ယူဆောင်၊ ထမ်းဆောင်၊ ရွက်ဆောင်၊ လက်ဆောင် စသည်တို့ကဲ့သို့ **"သယ်ပိုးထမ်းရွက်ယူဝင်"** သည်ဟူသော အဓိပ္ပာယ်ရသည်။

"မှုန်း" ပုဒ်သည် ချေမှုန်း၊ ဖျက်မှုန်း၊ နှမ်းပဲမှုန်းစသည်ကဲ့သို့ ချေဖျက်ခြင်းသဘော နံ့သာမှုန်း၊ ပန်းချီဆေးမှုန်း စသည်တို့တွင် သုံးသကဲ့သို့ ပွားများခြင်းသဘောဆောင်ကြောင်းကို လူမျိုးစုများ၏ဝေါဟာရ အသုံးအနှုန်းများနှင့်လည်းကောင်း၊ ပျို့ကဗျာလင်္ကာများမှ ဝေါဟာရအသုံးအနှုန်းများကို ကိုးကား၍လည်းကောင်း **"...ထို့ကြောင့် တန်ဆောင်မှုန်းလ၊ တန်ဆောင်မုန်းလ၏အနက် မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသောလ၊ ထွန်းညှိသောလ၊ မီးထွန်းလ"** ဟု ဆရာကြီး ဦးဖိုးလတ်ကဖွင့်ဆိုထားပေသည်။

ဝေါဟာရ လီနတ္ထဒီပနီကျမ်းပြု လှေသင်းအတွင်းဝန် ဦးဖြိုးနှင့် ဆရာကြီးဦးဖိုးလတ်တို့၏အဆိုမှာ တချို့လ ဝေါဟာရများ သဘောကွဲဆမှုတွင် ကြိုက်ညီသည်ကို တွေ့ရပေသည်။

**ကထိန်။** ။ ဗုဒ္ဓလက်ထက်တော်အခါက ပါဝေယျတိုင်းသားဖြစ်သော ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်ကိုအကြောင်းပြု၍ ကထိန် ဖြစ်ပေါ်လာလေသည်။ ဗုဒ္ဓဘုရားရှင် တစ်ဝါရတွင် ဗာရာဏသီပြည်မှ ဥရုဝေလ တောသို့ တစ်ပါးတည်း ဒေသစာရီကြွချီခဲ့စဉ်က လမ်းခရီးအကြားရှိ ကပ္ပါသိကမည်သော တောအုပ်၌ အပန်းဖြေနေစဉ် ထိုညီနောင်သုံးကျိပ်နှင့် တွေ့လေသည်။ ထိုအထဲတွင် ၂၉ ယောက်မှာ အတွဲစုံညီ ဒွိယံဒွိယံဖြစ်သော်လည်း တစ်ဦးမှာမူ အဖော်မရှိ၍ အပျော်တွဲရန် (ပြည့်တန်ဆာ) ကို ခေါ်ယူခဲ့၏။ ထိုပြည့်တန်ဆာက သူတို့အလစ်တွင် ပစ္စည်းများကို ခိုးယူထွက်ပြေးသွား၏။ ထိုပြည့်တန်ဆာကိုရှာဖွေနေကြစဉ် ဘုရားရှင်နှင့် တွေ့ဆုံခြင်းဖြစ်သည်။ ဘုရားရှင်က အကျိုးအကြောင်းသိရှိရသောအခါ "ကိုယ့်ဘဝကို ကိုယ်မရှာကြဘဲကိုး" ဟု ဩဝါဒခြွေတရားဟောရာမှ တရားရကာ အားလုံး ဧဟိဘိက္ခုရဟန်းအဖြစ်ခံယူ၍ တိစီဝရိတ် (သင်္ကန်းသုံးထည်သာဆောင်ခြင်း)စသော ဓုတင်တို့ကို ကျင့်ဆောင်နေကြကုန်၏။

ကာလအတန်ကြာသော် ဘဒ္ဒဝဂ္ဂီရဟန်းတို့သည် ဘုရားရှင်အားဖူးမြော်ရန် ပါဝါမြို့မှ သာဝတ္ထိပြည်သို့ ကြွလာကြရာ ဝါမဆိုမီ မရောက်နိုင်ကြ၍ ကြားဒေသဖြစ်သော သာကေတမြို့၌ ဝါကပ်ကြရ၏။ သာကေတမြို့နှင့် သာဝတ္ထိမြို့ကား ၆-ယူဇနာ (၄၈ မိုင်)ခန့် ကွာဝေး၏။ သီတင်းဝါလကျွတ်သောအခါမှ တစ်ဆင့်သွားကြရ၏။ ရှေးကဟောစာတွင်- "ပဝါရဏာပြုကြပြီး၍ သာဝတ္ထိသို့ ခရီးဆက်ကြကုန်ရာ လမ်းခရီး၌ တိမ်လွှာယှက်ရုံ၊ ပဇ္ဇုန်ဆူလိုက်၊ မြိမ်းရိုက်ထက်ကြိုး၊ သည်းထန်စွာရွာသွန်းသော မိုးကြီးနှင့်တွေ့၊ ရွှံ့ညွှန်ရေပြွမ်း ခရီးကြမ်း၌၊ သင်္ကန်းစိုရွှဲ၊ ဆင်းရဲလှစွာ၊ ရောက်လာကြရာ ယင်းသို့ ရွှံ့နှစ်ညွှန်စေး၊ ညစ်ကြေးစွဲကပ်သော သင်္ကန်းများဖြင့် လမ်းပန်းမကောင်း၊ ညွှန်ပြောင်းထူပြော၊ ရွှံ့ရေပေါ်၍ ပန်းမောခွေယိုင် အနိုင်နိုင်အားခဲ၍လာခဲ့ကြရာ..." ဟူသော ဗုဒ္ဓဝင်ဟောစာမှာကဲ့သို့ သင်္ကန်းဟောင်းနွမ်းဝတ်ရုံရာ အဆင်မပြေမှုများကို အကြောင်းပြု၍-

(၁) အဓိဋ္ဌာန်တင် သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကိုထား၍ မပင်မပန်း ပေါ့ပါးရွှင်လန်းသွားနိုင်ကြပါစေ။

(၂) သင်္ကန်းရှားပါးနွမ်းပါးခြင်းမှကင်းကြပါစေ စသောရည်ရွယ်ချက်တို့ဖြင့် ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူရာမှ ကထိန်ခင်းခြင်း (ခ) ကထိန်ပွဲတော် ဖြစ်ပေါ်လာလေသည်။ (ဝဇီရဗုဒ္ဓိဋီကာဆရာဖွင့်ဆိုချက်အရ အဇာတသတ်မင်းလက်ထက် ဘုရားရှင် ၃၇-ဝါကျော် ဥရုဝေါကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ကထိန်ပွဲတော်ဖြစ်ပေါ်လာကြောင်းလည်း တွေ့ရ)

ကထိန်ဆိုသည်မှာ ကထိနပါဠိဘာသာမှ ပါဠိပျက်အဖြစ်သုံးကာ (ကထိန=ကထိန်) ဟု သုံးခြင်းဖြစ်၏။ မြန်မာလို "ကောင်း၏"၊ "ကောင်းခြင်း" ဟု ချီးကျူးသြဘာထောမနာပြုသော ဝေါဟာရဖြစ်၏။ သင်္ကန်းအဝတ်ကို ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသည့်ကထိန်မှုနှင့်စပ်သမျှအရာများကိုခြုံ၍ ခေါ်ဝေါ်သော ဝေါဟာရဖြစ်လေသည်။

ကထိန်သည် ကာလဒါနမျိုးဖြစ်သည့်အပြင် ဝိနည်းကံနှင့်အညီ လှူဒါန်းရသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလတွင်သာ လှူဒါန်းရသောအလှူဖြစ်ပေသည်။

ကထိန်ခင်းထိုက်သောသင်္ကန်း ကထိန်လှူဒါန်းနည်း၊ ကထိန်အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသော ရဟန်းတော်၏ အခွင့်အရေး စသည်ဖြင့်ကျယ်ပြန့်လှပေ၏။ ရှေးခေတ်က ကထိန်ခင်းသောအခါ ကထိန်အမေးအဖြေ ပြုကြရ၏။ ထိုအမေးအဖြေကို ရေးသားပြုစုသော ဆရာတော်မှာ "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝနှင့်သုဉ်းရပြန်လှစ်၊ သုညခေတ်တွင်၊ ဖြစ်လာရပေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်ဩော် ကောင်း၏" ဟု ရေးခဲ့သော ဆီးပန်းနီဆရာတော်ဖြစ်ပေသည်။ ကထိန်အမေးအဖြေ အခြားမူများရှိသော်လည်း ဆရာတော်၏အမေးအဖြေမှာ သာမန်လူများနားလည်လွယ်၍ အသုံးများပေသည်။

**မသိုးသင်္ကန်း။** ။ ဘုရားရှင်လက်ထက်က သံဃာတော်များကိုယ်တိုင် သင်္ကန်းများကို ချုပ်ဆိုးကြရသည်။ ကထိန်ခင်းရန်အတွက် လှူဒါန်းသော သင်္ကန်းကို ညသိပ်သိမ်းဆည်းမထားဘဲ လှူဒါန်းသည့်နေ့ အရုဏ်မတက်မီအတွင်း သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုကိစ္စများ ပြီးစီးအောင် လုပ်ဆောင်ရသော သင်္ကန်းကို မသိုးသင်္ကန်းဟုခေါ်လေသည်။ ထိုသင်္ကန်းချုပ်ဆိုးမှု နောက်တစ်နေ့ အရုဏ်တက်ကျော်သွားပါက (ထမင်းဟင်းစသော အစားအစာများကို အချိန်မီမစားဘဲ အချိန်လွန်သည်အထိ ညသိပ်ထားသဖြင့် သိုးသွားသည့်အခါ ထမင်းသိုး၊ ဟင်းသိုး စသည်ဖြင့် ခေါ်ဆိုသကဲ့သို့)ပြုလုပ်ဆဲသင်္ကန်းသည် သိုးသွားတော့သည်။ ထို့ကြောင့် မသိုးမီ အချိန်မီပြုလုပ်ရသော သင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်ကြလေသည်။

ပိဋကတ်တော်တွင်လာသော ထိုနည်းနှင်နှင်အကြောင်းအရာမှာ ကာဠုဒါယီအမတ် ဂါထာ-၆၀ လျှောက်ထားချက်အရ ဗုဒ္ဓဘုရားရှင် ကပိလဝတ် ရွှေနန်းတော်သို့ ကြွမြန်းလာသောအခါ မိထွေးတော် ဂေါတမီက ကိုယ်တိုင်သင်္ကန်းကို ချုပ်ဆိုးရက်လုပ်၍ သားတော်ကို ကပ်လှူမည့်အကြံဖြစ်ပြီး ဒုတိယအကြိမ် ကြွရောက်သောအခါ လှူဖြစ်ခဲ့ကြောင်းကို တွေ့ရပေသည်။ (ဥပရိပဏ္ဏာသပါဠိတော်-အဋ္ဌကထာ-ဒက္ခိဏာဝိဘင်္ဂသုတ်) သို့သော် ထိုအချိန်တွင် ကထိန်သင်္ကန်းအလှူကို ဗုဒ္ဓဘုရားရှင် ခွင့်ပြုတော်မမူသေးပေ။ ထို့ကြောင့် ကထိန်နှင့် ဆက်နွှယ်နေသော မသိုးသင်္ကန်းသည်လည်း မပေါ်ပေါက်လာသေးပေ။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာထွန်းကားလာသောအခါသာသနာကိုလေးစားကြည်ညိုမြတ်နိုးသည့် ရှေးမြန်မာဘုရင်များသည် မိထွေးတော်ဂေါတမီ သင်္ကန်းစီစဉ်သကဲ့သို့ မသိုးသင်္ကန်းရက်လှူပွဲကို တီထွင်ဖန်တီးခဲ့ကြဟန်တူပေသည်။ ထို့ကြောင့် မသိုးသင်္ကန်းလှူရာတွင် သံဃာတော်ကိုလှူခြင်းမဟုတ်ဘဲ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုသာ လှူခြင်းဖြစ်ပေသည်။ မသိုးသင်္ကန်းရက်လုပ်မှုနှင့်ဆက်စပ်၍ ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး တတိယတွဲတွင် အကျယ်တဝင့်တွေ့နိုင်ပေသည်။ ထိုအကြောင်းအရာမျိုးကိုပင် နယ်လှည့်ရာဇဝင်တွင် - မသိုးသင်္ကန်းရက်လုပ်စဉ် သူထက်ငါအပြိုင်အဆိုင်လုပ်ဆောင်ရပုံနှင့် ပျော်ပွဲရွှင်ပွဲကို...

"...ညည့်နှစ်ချက်တီး ဗဟိုရ်တော်သံကြားသည်နှင့်တစ်ပြိုင်နက် မျိုးစေ့ကြမြောက်၊ ပင်ရောက်ပွင့်သီး၊ လုံးကြီးဝါပေါက်၊ ကောက်ယူမဆိတ်၊ အကြိတ်အဖန်၊ ပြန်လှန်တဲ့ပယ်၊ ရှယ်ခြင်း၊ ရက်ခြင်း၊ ဆိုးခြင်း စုံလင်အစီအရင်တို့ကို မသိုးသင်္ကန်းတော်ကြီးကြပ်ရက်လုပ်သည့် ကတော်မယားတို့ကိုလည်း ပုဝါအုပ်၊ ပိတ်အုပ်၊ သက္ကလတ်ခြုံထည်များ သနားတော်မူ၍ ဦးစွာပြီးသူတို့ ရွှေဖလားသနားတော်မူသည်။ မြင်းစုကြီးဝန်မယားမှာ ချည်ခင်ကို နေအိမ်ကဆောင်ယူလာ၍ ထည့်သွင်းရက်လုပ်ရန် မှတ်ထားသည်ကို တွေ့ရသောကြောင့် ရွှေနန်းတော်ကိုလှည့်၍ ဒိုးပတ်နှင့် ကရသည်" ဟု ဖော်ပြထားလေသည်။

"ဒိုးပတ်နှင့်ကရရှာတဲ့ မြင်းစုကြီးဝန်မယားကို လှောင်ရင်း၊ ပြောင်ရင်း၊ အင်မတန် ပျော်ရမယ့်ပွဲဖြစ်ပါတယ်။ အဲဒီပွဲနှင့် တစ်ဆက်တည်း တန်ဆောင်တိုင်မီးပွဲဟာလည်း ပျော်စရာပါပဲ။ မီးပြာသာဒ်တွေ ထွန်းညှိပူဇော်ကြရတယ်..." စသည်ဖြင့် ဆရာကြီး ဒေါက်တာသန်းထွန်းက (နယ်လှည့်ရာဇဝင်-စာ-၃၀၈-၃၀၉) တွင် တန်ဆောင်တိုင်ပွဲ သမိုင်းမှတ်တမ်းကို လေ့လာတင်ပြထားသည်ကို တွေ့ရပေသည်။ ယနေ့တိုင်လည်း မြန်ပြည်တစ်ခွင် တန်ခိုးကြီး ဘုရားစေတီအသီးသီးတွင် တိုင်းနှင့်ပြည်နယ်အလျောက် မသိုးသင်္ကန်းကျင်းပပြုလုပ်ကြမြဲဖြစ်သည်။

**ပုံသကူ။** ။ တန်ဆောင်မုန်းလ၏ပွဲတော်ထဲတွင် ပုံသကူပစ်ပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။ ပွဲတော်ဟုသုံးရသော်လည်း လူစုလူဝေးများနှင့် ထင်ထင်ရှားရှားပြုလုပ်သော ပွဲမျိုးမဟုတ်ပေ။ လူအများကွယ်ရာတွင်ဖြစ်စေ၊ ညအမှောင်တွင်ဖြစ်စေ၊ သင်္ကန်းစသည့် သံဃာအသုံးအဆောင်ပစ္စည်းများကို တိတ်တဆိတ်စွန့်ပစ်လှူဒါန်းခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာတို့ကျင့်စဉ်ထဲတွင် ဓုတင် ၁၃-ပါးဟုရှိ၏။ ထို၁၃ပါးထဲတွင် ပံ့သကူဓုတင်သည်လည်းပါဝင်၏။ စွန့်ပစ်ပြီးသော အဝတ်အထည်ကို မြေမှယူ၍ ချုပ်ဆိုးဝတ်ရုံသော သင်္ကန်းကို (ပံသု=မြေမှုန့်၊ ကူ=စက်ဆုပ်ရွံ့ရှာဖွယ်အဖြစ်သို့ ဥလ=ရောက်သောအဝတ်ပိုင်း)ပံ့သကူ ဟုခေါ်လေသည်။ ဗုဒ္ဓဝင်ဆိုင်ရာတွင် ပံ့သကူနဲ့ဆက်စပ်၍ ဘုရားရှင် အရှင်အနုရုဒ္ဓါသီဟိုဠ်ကျွန်း ပံ့သကူပစ်ပွဲစသည်ဖြင့် အခန်းကဏ္ဍအနေနှင့်အကြောင်းအားလျှော်စွာ တွေ့ရပေသည်။ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်မစံဝင်မီ ရှင်မဟာကဿပ တပည့်ကြီး (မဟာသာဝက) အား မိမိ၏ထူးခြားသော ပံ့သကူနှစ်ထပ်သင်္ကန်းကြီးကို ချီးမြှောက်ပေးအပ်တော်မူသောအခန်းကို သီတဂူဆရာတော်ကြီးက ဒေသနဆန်ဆန်ဟောကြားသွားရာ အလွန်မှတ်သားနာယူဖွယ်ရာဖြစ်ရပါ၏။

မြန်မာနိုင်ငံတွင် ပုဂံခေတ် သက္ကရာဇ် - ၅၆၃ ခု ထိုးသင်ကြီးညောင်အုပ်ကျောက်စာတွင် - "ပုရှာလေပြီဇအ်၊ ပုထိုပ်လေပြီဇအ်၊ က(မိ)န် ပသ်ကူလေပြီဇအ်" (ဘုရားလည်းတည်၏၊ ပုထိုး(စေတီ)လည်း တည်၏။ ကထိန်ခင်း၍ ပံ့သကူလည်းလှူ၏။)ဟူသောကျောက်စာအရ ပံ့သကူပစ်ကုသိုလ်ပြုသည့် အလှူဖြစ်ကြောင်း သိရပါ၏။ ပုဂံခေတ်နရသူမင်းနှင့် ပံ့သကူမထေရ်ဖြစ်ရပ်သည်

စာမျက်နှာ ၂၂ သို့

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော်ကိုးထည်ကို ဆက်ကပ်လှူဒါန်းစဉ်။



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဉယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် အရုဏ်တက်မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် တာဝန်ရှိသူများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံသရဏံဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္တိဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ကိုးထည်ကို ဒေဝါဝင်း၊ နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော်ကိုးပါးဂါထာကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် မသိုးရွှေကြာသင်္ကန်းတော်ကိုးထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကို ဆောင်ရွက်ကြပြီးနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော် ကိုးထည်ကို ဆက်ကပ်လှူဒါန်းပြီး ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ရာဇဝင်များခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်သည်။ ယင်းနောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်ပေါ်သို့ ဆက်လက်ဆက်ကပ်ပူဇော်သည်။ ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် အခမ်းအနားမှူးက မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်း မင်္ဂလာစာတမ်းကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပြု၍ ကုသိုလ်အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလအခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ် အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိကြပြီး ယခုနှစ်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယစေတီတော်မြတ်ကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစု အမှူးပြုသည့် ခုနစ်ရက်သားသမီးများက ပထမဦးဆုံးအကြိမ် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

---

စာမျက်နှာ ၂၁ မှအဆက်

မြန်မာ့သမိုင်းစဉ်တွင် ထင်ရှားပါ၏။ ထို့အတူ နရပတေ့စည်သူမင်း လက်ထက်တွင် ပုံသကူဆောင်စွယ်ရှင် ဆရာတော်မှာ ထင်ရှားလှပေသည်။

ဤသို့နှင့် ပုံသကူဝေါဟာရသည် ခေတ်အဆက်ဆက်တည်ရှိလာရာ နှောင်းသော် ပုံသကူသင်္ကန်းအဝတ်သာမက အသုံးအဆောင်ပစ္စည်းများပါ ပုံသကူပစ်လှူဒါန်းလာကြလေသည်။ ဥပမာ - သပိတ်ဆိုပါကလည်း ဆွမ်းပါထည့်၍ပုံသကူပစ်လှူလာကြတော့သည်။

ယခုအခါ ဘုန်းကြီးကျောင်းကန် ဘုရားတန်ဆောင်းနေရာများရှိ ရဟန်းသံဃာတော်များအတွက်သာမက လူများအတွက်ပါ မြို့ရွာဒေသလမ်းမ လမ်းသွယ်တို့တွင် တန်ဆောင်မုန်းလပြည့်ည၌ ပုံသကူပစ်လှူဒါန်း စွန့်ကြဲမှုများရှိလာရသည်ကို တွေ့ရပေသည်။ "စိတ်ကကြည်စွာ၊ စေတနာဖြင့်၊ သဒ္ဓါဝမ်းတွင်း၊ ပေးလှူခြင်းကား၊ ရခြင်းထပ်သာ၊ လွန်ချမ်းသာ၏" ဆိုသည့်အတိုင်း တန်ဆောင်မုန်းလပြည့်နေ့ည စိတ်ချမ်းမြေ့ကြည်နူးစေသော ကောင်းသောလုပ်ဆောင်မှုဖြစ်ကြပါ၏။

**မီးထွန်းပွဲ။** ။တန်ဆောင်မုန်းလမီးထွန်းပွဲတော်သည် ဗုဒ္ဓမပေါ်ထွန်းမီကပင် မဇ္ဈိမဒေသတွင် ထွန်းကားနေပြီဖြစ်ကြောင်းကို ဇာတ်တော်များတွင် တွေ့ရပေသည်။ ရှေးယခင်က သီတင်းကျွတ်လမီးထွန်းပွဲထက် တန်ဆောင်တိုင်မီးထွန်းပွဲက ပို၍ စည်ကားသိုက်မြိုက်မှုရှိနေကြောင်းကို မောင်းထောင်ဆရာတော်၏ အမေးတော်ဖြေကျမ်း (သီတင်းကျွတ်လတွင်ဖော်ပြခဲ့ပြီး) အရ သိရပေသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်၍ ပြည့်ဝ၏။ ကြတ္တိကာနက္ခတ်သဘောမှာ ပေါက်ကွဲစေတတ်သော၊ အလင်းရောင် ကွန့်မြူးသော၊ ပျော်ရွှင်မှုအားလုံး၊ ဆေးဘက်ဆိုင်ရာစသည်များကို ညွှန်းဆိုပါ၏။ ထို့ကြောင့် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပကြ၏။ ဆေးပေါင်းခသည်ဟု မဲဇလီဖူးသုပ်စားကြ၏။

ထိုနက္ခတ်မှာ မိဿရာသီအဆုံးနှင့် ပြိဿရာသီအစတွင်တည်ရှိ၏။ တာရာကြီးကိုးလုံးအနက် ကြီးတာရာအပိုင်းအဝန်းတွင်တည်ရှိ၏။ မုံရွေးဆရာတော်၏ အာကာသ သျှတ္တရကျမ်းတွင် "ကြတ္တိကာကား၊ ခုနစ်ဖြာမှတ်သား၊ လုံးချော၏၊ ကြက်သားစုမျှ၊ ညဝတီ၊ ပြည်အမီတည့်" ဟုဆို၏။ အရပ်သားအများသိကာမူ "ဖျောက်ဆိပ်ကြယ်စု" ဟုခေါ်ကြသိကြ၏။ အနောက်တိုင်း နက္ခတ်ရှင်များကမူ "The Pleiades" ဟုခေါ်၏။

ထိုကြတ္တိကာနက္ခတ်ကို "ဒဟနိ" မီးနတ်ကစောင့်သည်ဟု ရာဇမတ္တဏ်ကျမ်းကဆို၏။

ဆန်းအလင်္ကာကျမ်းတွင်လည်း (ရာ-ရဂိုဏ်း၊ မီး-မီးနတ်သား၊ ကြတ်-ကြတ္တိကာနက္ခတ်) ဤသဘောပင်ပြ၏။

ထိုမီးနတ်သားသည် တန်ဆောင်မုန်းလတွင် လူ့ပြည်သို့နှစ်စဉ် တစ်ကြိမ်ဆင်းမြဟုဆိုသည်။ ဤသည်ကိုအကြောင်းပြု၍ မီးပူဇော်ပွဲလုပ်ကြသည်ဟု ဆိုပေသည်။ ဤအယူအဆသည် ဤမျှသာခံယူပါက ဒဏ္ဍာရီသာဖြစ်ပေမည်။ ထိုဒဏ္ဍာရီတွင် လုပ်ဆောင်မှုသဘောများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ အများအပြားပင်ရှိပေသည်။

ကမ္ဘာကျော် ဟိတောပဒေသကျမ်းကြီးကိုအခြေခံ၍ အသောကအင်ပါယာကြီးဖြစ်ပေါ်ခဲ့သည့်သမိုင်းရှိခဲ့ပြီ၊ ဟိတောပဒေသသည် တိရစ္ဆာန်များစကားပြောသော ဒဏ္ဍာရီပုံပြင်များဖြစ်၏။ ဤတွင်လည်း ကြတ္တိကာနက္ခတ်မီးနတ်သားမှာ ဒဏ္ဍာရီပုံပြင်ဖြင့် (Symbol) သဘောထားများကိုပေးထားသောအကြောင်းအရာများဖြစ်သည်ကို သတိမူရာ၏။

ကြတ္တိကာနက္ခတ်ကို အကြောင်းပြု၍ (အချက်အလက်ပါဝင်ခြင်း)ဖျောက်ဆိပ်ပေါ်၊ ဖျောက်ဆိပ်မွန်းတည့်၊ ဖျောက်ဆိပ်မြေလူးစသည့် သကြ်န်တွက်ရိုးများ ဖြစ်ပေါ်လာပေ၏။ ထိုကိုအကြောင်းပြု၍ တောင်သူလယ်သမားတို့၏ စိုက်ပျိုးရေးဆိုင်ရာ၊ မိုးလေဝသဆိုင်ရာများ သိကြရ၏။ ရာသီမသိပန်းနှင့် ညိုကြ၏။

ဖော်ပြပါ မီးနတ်မင်းသည် လူ့ပြည်ကြွလာသောအခါ သူ့မိတ်ဆွေကြီးဖြစ်သော မဲဇလီပင်စောင့်နတ်မင်းထံမှာ တည်းခိုလေ့ရှိ၏။ ထိုအခါ လူ့ပြည်မှာရှိသည့် နတ်အပေါင်းသည် မဲဇလီပင်သို့လာရောက်၍ နှုတ်ခွန်းဆက်သလာကြ၏။

ယင်းသို့ မီးနတ်ကြီးနှင့်တန်ခိုးကြီးနတ်များဟိတ်ကြောင့် မဲဇလီပင်၏အကိုင်းအခက်အညွှန့်အဖူးတို့သည် ထူးကဲသည့် တန်ခိုးသတ္တိနှင့်ပြည့်စုံသည်ဟု ယူဆကြသည်၊ ဆေးပေါင်းခသည့်အပင် ၉၆-ပါးဝေဒနာပပျောက်သည်ဟု ယူဆကြသည်။ ဤသည်မှာလည်း မဲဇလီပင်၏ဆေးအာနိသင်ကို သာရကောမုတိ၊ ဓာတ္တုရှိဩသဓရတနာကရ စသောဆေးကျမ်းများတွင် ပြဆို၏။ ဤသဘောကို ပုံပြင်အနေနှင့် ရှေးပညာရှင်များက ဖော်ပြခဲ့ကြ၏။ ဤသို့ ရှေးမြန်မာမှုဆိုင်ရာများကို ဒဿနအတွေးဖြင့် ဆင်ခြင်ယူဆ၍ နားလည်ရာ၏။

ထို့အတူပင် ကျီးမနိုးပွဲသည်လည်း ကြတ္တိကာနက္ခတ်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ပျော်ပွဲရွှင်ပွဲမျိုးဖြစ်သည်၊ ကြတ္တိကာနက္ခတ်သည် ပျော်ရွှင်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ဆူပွက်လှုပ်ရှားလွယ်ခြင်း အကြောင်းခြင်းရာများလည်း ဆက်စပ်ပေသည်။ များသောအားဖြင့် လပြည့်နေ့များသည် "Super Moon" အကြောင်းခြင်းရာများကို ဖြစ်စေသည်။

မဟော်သဓောဇာတ်တော်တွင် လပြည့်ညအကြောင်းခြင်းရာကို စိတ်ရောဂါနှင့် ဖော်ပြသော အခန်းကဏ္ဍတစ်ခုရှိသည်။ အနောက်တိုင်းဆေးပညာတွင်လည်း "Luna-လကိုအခြေခံသော" စိတ်ရောဂါတစ်မျိုးရှိသည်ဟု သိရသည် ။ လပြည့်၊ လကွယ် ဥပုသ်စောင့်ခြင်း စသည်များသည် ထိုလနှင့်ဆက်စပ်သော စိတ်အစဉ်ကို ထိန်းချုပ်သည့် ဘာသာရေးကျင့်စဉ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုနက္ခတ်နှင့်ဆက်စပ်သော အကြောင်းအရာများကို ရှေးမြန်မာကြီးများသည် သိခဲ့ကြသည်။ ထိုသည်ကိုအကြောင်းပြု၍ စိတ်ထွက်ပေါက်အနေဖြင့် ကျီးမနိုးပွဲကိုပြုလုပ်ကြသည်ဟု ဝေဒရှုထောင့်မှ သုံးသပ်ကြသည်ကို တွေ့ဖူးသည်။

အထက်ဖော်ပြပါအကြောင်းခြင်းရာများတွင် ကောင်းသောသဘောကိုဆောင်သော၊ ယဉ်ကျေးမှုကို အထောက်အကူပြုသော၊ အများပြည်သူကို အကျိုးပြုသော အကြောင်းခြင်းရာ မြန်မာမှုများကို သယ်ဆောင်သွားကြပါစို့ဟု နိဂုံးချုပ်အပ်ပါသတည်း။ ။

# လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်နိုင်ခဲ့ရာတွင် ပါဝင်ခဲ့ကြသော အောက်ဖော်ပြပါအဖွဲ့အစည်းအသီးသီးအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းဖော်ပြအပ်ပါသည်-

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
၂။ ပြန်ကြားရေးဝန်ကြီးဌာန
၃။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
၄။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၅။ ကျန်းမာရေးဝန်ကြီးဌာန
၆။ ဆောက်လုပ်ရေးဝန်ကြီးဌာန
၇။ နေပြည်တော်ကောင်စီ/စည်ပင်
၈။ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး
၉။ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
၁၀။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
၁၁။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး
၁၂။ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
၁၃။ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး
၁၄။ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး
၁၅။ နေပြည်တော်တိုင်းစစ်ဌာနချုပ်
၁၆။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၁၇။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး(ဂေါပကရုံးအဖွဲ့)
၁၈။ မီးသတ်ဦးစီးဌာန
၁၉။ ကြက်ခြေနီအသင်း
၂၀။ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂၁။ မီးပုံးပျံအဖွဲ့(တောင်ကြီး)
၂၂။ ရွှေတိဂုံရက်ကန်းအဖွဲ့
၂၃။ အင်းဝဘဏ်
၂၄။ ဝန်ကြီးဌာနအသီးသီးမှ ဝတ်အသင်းအဖွဲ့များ
၂၅။ နေပြည်တော်ကောင်စီမှ ဝတ်အသင်းအဖွဲ့များ
၂၆။ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဝတ်အသင်းအဖွဲ့များ
၂၇။ ပြန်ကြားရေးဝန်ကြီးဌာနမှ အနုပညာရှင်များ
၂၈။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ
၂၉။ မြဝတီရုပ်မြင်သံကြားမှ အနုပညာရှင်များ
၃၀။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ
၃၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (စခန်းရုံး)ဝတ်အသင်း

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်တန်ဆောင်တိုင်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စစ်သင်္ဘောသုံးစီး မြန်မာနိုင်ငံရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးမှု၊ အမေရိကန်အစိုးရ၏ကျောထောက်နောက်ခံပြုထားသည့် USIP (United States Institute of Peace) အဖွဲ့အစည်း၏သုတေသနစာတမ်းများကိုအမှီပြု၍ အနောက်နိုင်ငံမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့်ဝါဒဖြန့်နေမှုများ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်နှင့်ကယားပြည်နယ်တွင် စစ်ရေးနှင့်မသက်ဆိုင်သော ကယားပြည်နယ်ယဉ်ကျေးမှုအဆောက်အအုံနှင့် အကျဉ်းထောင်သို့လာရောက်တိုက်ခိုက်မှုများ၊ ရခိုင်ပြည်နယ်တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ရှေ့မြောက်ဘက်ဒေသတွင်ဖြစ်ပေါ်နေသောအခြေအနေများကို အခွင့်ကောင်းယူ၍အချက်ပေးလှုံ့ဆော်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့အခါသမယမှာ နိုင်ငံသူနိုင်ငံသား အားလုံးကျန်းမာ၊ ချမ်းသာ၊ ဘေးဘယာဝေးကွာပါစေလို့ ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ဒီနေ့မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကမြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေတဲ့ စစ်သင်္ဘောသုံးစီးဟာ ဒီနေ့ နေ့လယ်ပိုင်းမှာ ရန်ကုန်ကိုရောက်ရှိခဲ့ပါတယ်။ အဲဒီစစ်သင်္ဘော အုပ်စုထဲမှာတော့ဖျက်သင်္ဘော Destroyer အမျိုးအစားသင်္ဘောတစ်စီး၊ Frigate အမျိုးအစားသင်္ဘောတစ်စီးနဲ့ ထောက်ပံ့ပို့ဆောင်ရေးယာဉ် တစ်စီး စုစုပေါင်းသုံးစီးပါခဲ့ပါတယ်။စစ်သည်အင်အားဦးရေ ၇၀၀ ခန့်ပါရှိကြောင်းလည်းတွေ့ရှိရပါတယ်။ရန်ကုန်မှာကျွန်တော်တို့မြန်မာ့တပ်မတော်(ရေ)မှ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်မြန်မာချစ်ကြည်ရေးအသင်း အဖွဲ့များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာသံရုံးနဲ့စစ်သံရုံးမှ တာဝန်ရှိသူများအနေနဲ့ လှိုက်လှဲစွာကြိုဆိုခဲ့ကြောင်းတွေ့ရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ချစ်ကြည်ရေးခရီးလည်ပတ်မှု၊ လေ့လာမှုနှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများကို ပြုလုပ်သွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံဟာ မနေ့ကကျွန်တော်ပြောခဲ့သလို မဟာဗျူဟာ မိတ်ဖက်နိုင်ငံတွေဖြစ်ပါတယ်။ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို လေးစားလိုက်နာပြီး နှစ်နိုင်ငံအစိုးရနဲ့ တပ်မတော်နှစ်ရပ်အကြားမှာ ခိုင်မာတဲ့ချစ်ကြည်ရင်းနှီးမှုရှိတဲ့ နိုင်ငံတွေဖြစ်ကြောင်းပြောကြားလိုပါတယ်။ ဒီနေ့မှာတော့ နယ်စပ်ဒေသများမှာတရားမဝင် ဝင်ရောက်နေထိုင်တဲ့သူများကို ကျွန်တော်တို့ပြန်လည်အပ်နှံရာမှာတရုတ်အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၈၇ ဦးပေါင်း ၅၅၃ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်ကနေ နိုဝင်ဘာ ၂၇ ရက်ထိ စုစုပေါင်းအမျိုးသား ၈၃၁၂ ဦး၊ အမျိုးသမီး ၈၈၂ ဦးပေါင်း ၉၁၉၄ ဦး လွှဲပြောင်းပြီးဖြစ်ပါတယ်။ ဒီနေ့ နောက်ထပ် ထူးထူးခြားခြားသတင်းတစ်ခုကတော့ အမေရိကန်အစိုးရရဲ့ကျောထောက်နောက်ခံပြုထားတဲ့ USIP(United State Institute of Peace) ဆိုတဲ့ အဖွဲ့အစည်းကနေ သူ့ရဲ့သုတေသနစာတမ်းများကို အမှီပြုပြီးတော့ အနောက်နိုင်ငံမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေတာမျိုးရှိပါတယ်။ အဓိကအချက်ကတော့ ဒီထဲမှာယခုလက်ရှိမြန်မာနိုင်ငံဖြစ်ပေါ်နေတဲ့အခြေအနေကြောင့်မလို့ ဒီအခြေအနေများကို ပိုပြီးဆိုးရွားသွားအောင် သုံးသပ်တင်ပြ၊ ဦးတည်တင်ပြတာတွေပဲ လုပ်ဆောင်တာမျိုးဖြစ်ပါတယ်။ အရေးကြီးတဲ့သုံးသပ်ချက်ကတော့ လက်နက်စွဲကိုင်ပြီး ပဋိပက္ခဖြစ်အောင်လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ ဒီအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေဟာ စစ်ဘုရင်ဝါဒလိုဟာမျိုးဖြစ်မှာမဟုတ်ဘူး။မားပြဆန်ဆန် အဖွဲ့အစည်းမျိုးတွေဖြစ်မလာနိုင်ဘူး တစ်စုတစ်စည်းတည်းရှိတယ်ဆိုတဲ့ဟာမျိုးနဲ့ ပဋိပက္ခကြီးထွားလာအောင် မီးထိုးပေးတဲ့သဘောပဲဖြစ်ပါတယ်။ ဒါကဘာလဲဆိုတော့ မြန်မာနိုင်ငံအရေးကို ပေါ်ပေါ်ထင်ထင်ဝင်ရောက်စွက်ဖက် နှောင့်ယှက်လာတာဖြစ်ပါတယ်။ လုပ်လည်းလုပ်နေတာဖြစ်ပါတယ်။ ထပ်ပြီးတော့မှ လုပ်လာနိုင်တဲ့အရိပ်အယောင်မျိုးကိုပြသခြင်းဖြစ်ပါတယ်။ ဒီအနောက်နိုင်ငံများနဲ့ ဆက်စပ်အဖွဲ့များအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လာပြီး ပိုပြီးတော့




ဝင်ရောက်စွက်ဖက်နှောင့်ယှက်မယ့် အရိပ်အယောင်နဲ့ပြသခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ လက်တွေ့သူတို့ပြောတဲ့အတိုင်း မြေပြင်မှာဖြစ်နေခြင်းရှိမရှိပါပဲ။ လက်တွေ့လည်းမြင်နေရတာဖြစ်ပါတယ်။ သူတို့ပြောနေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေအတွင်းမှာပဲ သွေးကွဲမှုတွေရှိတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေအတွင်းမှာပဲ စစ်ကိုင်းဘက်မှာဆိုရင် အဖွဲ့တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတည့်ဘဲနဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့တိုက်ခိုက်နေတာမျိုးတွေရှိတယ်။ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့ကကိုပဲ တချို့သောလက်နက်ကိုင်အဖွဲ့တွေကို လက်မခံဘူးလို့ သူတို့ကိုယ်တိုင်ကြေညာခဲ့တာတွေရှိတယ်။ ပြည်သူလူထုအပေါ်မှာအကြိမ်ကြိမ်သတ်ဖြတ်တာတွေ၊ လုယက်တာတွေလုပ်နေတာတွေရှိတယ်။ တရားမဲ့ပြုကျင့်နေတာတွေရှိတယ်ဆိုတာ အားလုံးကိုမျက်ကွယ်ပြုပြီးမှ သုံးသပ်ခဲ့တဲ့အချက်ပဲဖြစ်ပါတယ်။ စစ်ကိုင်းဘက်မှာဆိုရင် ဒီ PDF အမည်ခံအကြမ်းဖက်အဖွဲ့တစ်ဖွဲ့ရဲ့အမျိုးသမီးတစ်ယောက်ကို လပေါင်းများစွာဖမ်းဆီးချုပ်နှောင်ပြီး အကြိမ်ကြိမ်မုဒိမ်းကျင့်ခဲ့တဲ့လုပ်ရပ် ဟိုးလေးတကြော်ကြော်ဖြစ်လာမှ အရေးယူမယ်ဆိုတဲ့ပုံစံမျိုး ပြောပြီးကာမှ ဘာမှအရေးမယူတဲ့အပြင် အဲဒီအဖွဲ့တွေကပါ လွတ်မြောက်သွားတဲ့ကိစ္စတွေ၊ တရားမဲ့ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ဟာတွေ၊ အမြင်မတူတဲ့ကျေးရွာတွေကို မီးရှို့ဖျက်ဆီးနေတဲ့ဟာတွေ၊ ဒါတွေဟာလက်တွေ့ တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါပြင် ကျွန်တော်တို့ပြောပြီးဖြစ်ပါတယ်။ ဒီ MNDAA အကြမ်းဖက်သောင်းကျန်းသူများရဲ့ လုပ်ရပ်တွေ၊ MNDAA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ သမိုင်းကြောင်းတွေပြောပြီးဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့မူရင်းအခြေခံဇာစ်မြစ်စီးပွားရေးလုပ်ငန်းဟာ ဘိန်းမှောင်ခိုကူးခြင်းဖြစ်ပါတယ်။ ဘိန်းနဲ့ပတ်သက်ပြီးတော့မှ ဆောင်ရွက်တဲ့အဖွဲ့ဖြစ်ပါတယ်။ ထင်ရှားတဲ့သမိုင်းသာဓကတွေရှိပါတယ်။ ကိုးကန့်အမျိုးသမီးတစ်ဦးဖြစ်ခဲ့တဲ့ ကမ္ဘာမှာ ဘိန်းဘုရင်မလို့ နာမည်ကျော်ကြားခဲ့တဲ့သူသည် ဘယ်နယ်မြေကထွက်ခဲ့တာလဲ။ဘယ်အမျိုးအနွယ်ကနေလာခဲ့တာလဲဆိုတာ သမိုင်းအထင်အရှားရှိပြီးဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက အမေရိကန် CIA ရဲ့ ဘိန်းပံ့ပိုးမှုနဲ့ပတ်သက်ပြီး ဒီကိုးကန့်ဘိန်းဘုရင်မဆိုတဲ့ အမျိုးသမီးကိုယ်တိုင်ကဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာမှ ဒီနေရာမှာဗကပ လွှမ်းမိုးလာပြီးတော့မှ သူတို့ပျောက်ကွယ်သွားတယ်။ ပြီးရင် ဗကပအနေနဲ့ ဘိန်းလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်တယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း သူတို့ရဲ့လက်အောက်မှာရှိတဲ့ ဒီတိုင်းရင်းသားတွေကိုပဲ အသုံးပြုပြီး စေခိုင်းခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်း ဗကပကွပ်ကဲမှုအောက်ကနေလွတ်ပြီးတဲ့နောက်ပိုင်းမှာလည်း ဒီလုပ်ငန်းတွေကိုပဲ ဆက်လုပ်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကမှတစ်ဆင့် ငွေရလာတယ်။ အဲဒီကနေမှတစ်ဆင့် အဲဒီလုပ်ငန်းတွေကို စောင့်ရှောက်ဖို့အတွက် လက်နက်ကိုင်အဖွဲ့အစည်း ထူထောင်တယ်။ လက်နက်ကိုင်အဖွဲ့အစည်းထူထောင်တော့ ဒီထက်တရားမဝင်လုပ်ငန်းတွေ လုပ်ကိုင်ခွင့်ရတယ်။ ဒါတွေကိုစောင့်ရှောက်ဖို့အတွက် လက်နက်တွေ၊ ခဲယမ်းတွေဝယ်တယ်။လက်နက်ကိုင်အဖွဲ့အစည်း ထပ်တိုးချဲ့တယ်။ ဒီဟာနဲ့တင် သံသရာလည်နေတာဖြစ်ပါတယ်။ ဒီလိုသမိုင်းကြောင်းတွေ၊ဒီလိုထင်ရှားရှိတဲ့ဟာတွေကို မျက်ကွယ်ပြုပြီး အခုလိုသုံးသပ်ပြီး မီးထိုးပေးနေခြင်းသည် ဒီပဋိပက္ခမှာ အနောက်နိုင်ငံတွေနဲ့ အပေါင်းအပါများ ထဲထဲဝင်ဝင် ဝင်ရောက်ပတ်သက်နေပြီဆိုတာကို သိနိုင်ကြောင်းအသိပေးပြောကြားလိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုအားလုံး၊ အိမ်နီးချင်းနိုင်ငံများနဲ့အားလုံးက ဂရုစိုက်သတိပြုရမှာဖြစ်ကြောင်းပြောကြားလိုပါတယ်။ ထိတွေ့တိုက်ပွဲအနေနဲ့ မနေ့ညဘက်ကတော့ မူဆယ် ၁၀၅ မိုင်ဘက်မှာ ထိတွေ့တိုက်ပွဲတွေဖြစ်ပွားခဲ့တာရှိပါတယ်။ တပ်မတော်အနေနဲ့ တိကျစွာနှိမ်နင်းခဲ့တဲ့အတွက် ဒီမနက်ပိုင်းမှာတော့ အဲဒီဘက်မှာထိတွေ့တိုက်ပွဲမရှိခဲ့ပါဘူး။ ရန်သူအနေနဲ့ အထိအခိုက်အကျအဆုံးများစွာရှိတယ်ဆိုတာ သိရှိရပါတယ်။ ဒီကနေ့မှာတော့ ကုန်းကြမ်းဘက်မှာ Drop Bomb နဲ့ မြောက်မြားစွာချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ မုန်းစီးဘက်မှာလည်းDrop Bombများချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ စီကောကိုရှော့တိုက်ဒုံးများနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ကယားပြည်နယ်ဘက်မှာတော့ စစ်ရေးနဲ့မဆိုင်တဲ့နေရာတွေဖြစ်တဲ့ ကယားပြည်နယ်ယဉ်ကျေးမှုအဆောက်အအုံ၊အကျဉ်းထောင် ဒါတွေကို လာရောက်ပြီးတိုက်ခိုက်ခဲ့တာမျိုးရှိပါတယ်။ ရန်သူအနေနဲ့ ထိခိုက်ကျဆုံးမှုများ ရှိတယ်လို့သိရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပလက်ဝနဲ့ ထရွန်အိုင်ဘက်မှာတိုက်ခိုက်ခဲ့တာရှိပါတယ်။ နုန်းဘူးမှာထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ပလက်ဝမှာတော့ အဝေးကနေရှော့တိုက်ဒုံးနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ဒီနေ့မှာ ကျွန်တော်အထူးအလေးအနက်ထားပြီး ပြောကြားလိုတာကတော့ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဘက်ဒေသမှာဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို အခွင့်ကောင်းယူပြီး ပွဲလန့်တုန်းဖျာခင်းတာလုပ်ဆောင်ဖို့အတွက် အချက်ပေးလှုံ့ဆော်မှုများထင်ရှားစွာတွေ့မြင်ရမှာဖြစ်ပါတယ်။ USIP ဆိုတဲ့အဖွဲ့အစည်းရဲ့ အစီရင်ခံစာကိုသုံးသပ်ပြီး ပြည်ဖျက်မီဒီယာများအနေနဲ့ အမျိုးမျိုးသုံးသပ်ပြီး ရေးသားလှုံ့ဆော်နေတာတွေ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံး၊ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံအားလုံးက အလေးအနက်ထားစောင့်ကြည့်သတိပြုသွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၅၅၃ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ယနေ့ထိ တရုတ်နိုင်ငံသား အမျိုးသား ၈၃၁၂ ဦး၊ အမျိုးသမီး ၈၈၂ ဦး စုစုပေါင်း ၉၁၉၄ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဘီးလင်းမြို့နယ် ဝင်းကနယ်မြေရဲစခန်းနှင့် တောင်စွန်းအကျဉ်းဦးစီးဌာနစခန်းတို့မှ ဝန်ထမ်းများ တိုက်ခိုက်ခံရမည်ကို စိုးရိမ်သဖြင့် စခန်းအား စွန့်ခွာမှုပြုလုပ်ဟု ကောလာဟလသတင်းများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘီးလင်းမြို့နယ် ဝင်းကနယ်မြေရဲစခန်းနှင့် တောင်စွန်းအကျဉ်းဦးစီးဌာနမှ အကျဉ်းသားများအပါအဝင် ဝန်ထမ်းများသည် အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်လာမည်ကို စိုးရိမ်သဖြင့် စခန်းအား စွန့်ခွာ၍ တိမ်းရှောင်သွားပြီဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကောလာဟလသတင်းများ လုပ်ကြံဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူများ၏ ပြောကြားချက်အရ "ဘီးလင်းမြို့နယ်ရှိ မည်သည့် ရဲစခန်းနှင့် အကျဉ်းဦးစီးဌာနတို့မှ စခန်းအား စွန့်ခွာတိမ်းရှောင်မှုများ မရှိကြောင်းနှင့် သတင်းအမှားသာဖြစ်ကြောင်း" သိရသည်။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာလုပ်ကိုင်နေထိုင်လိုကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား အကြမ်းဖက်မှုလုပ်ရပ်များကို အားပေးလှုံ့ဆော်နေသည့် တရားမဝင် ပြည်ဖျက်မီဒီယာများက ထိုသို့ စိုးရိမ်ထိတ်လန့်ဖွယ်ရာကောလာဟလသတင်းများ ရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အချိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ချစ်စု" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လယ်ယားကျေးရွာနေ ဖြိုးမင်းအောင်(ခ)ချစ်စုကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Khin Nyein Nyein Chan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တောင်ရင်းရပ်ကွက်နေ ခင်ငြိမ်းငြိမ်းချမ်း(ခ)ငြိမ်းငြိမ်းကို ညနေ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နိုဝင်ဘာ ၂၇ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီမှ နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၇၆၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သည်။အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"မရိုးနိုင်တဲ့ ဘဏ်ကောလာဟလ"**ခေါင်းစဉ်ဖြင့် ၂၉-၁၁-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပေျာ်ရွှင်ဆင်နွဲ့ တန်ဆောင်တိုင်ပွဲ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းနေကြာ ၆၀၅၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၆၀၅၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၁၂၄၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဆောင်းနေကြာ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာကို ဆောင်းမှာ အဓိကစိုက်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသည့် နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မြို့သစ်မြို့နယ် မကြီးချိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် မကြီးချိုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မကြီးချိုကျေးရွာ၌ အရှည် ၆၆၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မကြီးချိုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ ကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆ သန်းအသုံးပြု၍ ဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အိမိုးမိုး**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၂၄၃ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၃၅၈၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၇၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

"ယင်းမာပင်ခရိုင်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဖူးစားပြောင်းဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်လို့ စိုက်လာတဲ့သဘောပါ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဖူးစားပြောင်းကို မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၉၀၊ ကနီမြို့နယ်တွင် ဧက ၂၂၉၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၆၃ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၄၅၀၀ စုစုပေါင်း ၇၂၄၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဖူးစားပြောင်း ၉၁၅၅ ဧက၊ ကနီမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၅၃၀၊ ဖူးစားပြောင်း ဧက ၁၃၂၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဖူးစားပြောင်း ဧက ၆၂၀၀၊ ပုလဲမြို့နယ်တွင် ဖူးစားပြောင်း ဧက ၄၅၀၀ စုစုပေါင်း ၃၃၅၈၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

## မြတ်သောအလှူ ပွဲသကူ

\- ဤလောကီ ဘုံဘဝ
ဖြစ်တည်ကြ ဆိုစည်းလေ၊
အခက်အခဲ အဆိုးအကောင်းနဲ့
ကျိုးကြောင်းမျှပေ၊
အားနည်းလှ လဲသူတွေ
ဆွဲထူလေ ဖေးမပေး၊
ကံဇာတ်ဆရာ အလိုကျ
များလှရှိသေး။

\- စိတ်ထားစုံ ယတိပြတ်
တည်ရှိလျက် မြင့်မြတ်ကာ၊
စေတနာ အဓိကမို့
ရဖို့သေချာ၊
မဏ္ဍပ်ထိုး ပေးလှူကာ
နိုင်ရာလူ အစုံထမ်း၊
အသေးအမွှား မမှတ်လို့
အလေးထားကာ ပေးလှူကြ
ရလျက်ရွှင်လန်း။

\- ရှေးအခါက မြတ်အလှူ
စိတ်ထားဖြူလို့ သဒ္ဓါဝေ၊
ပွဲသကူ အလှူခေါ်သတဲ့
ပျော်ကြရွှင်ပေ၊
ပီတိပေး ပြုံးစေလေ
နှလုံးဖြူစေ ပျော်စေသား၊
များကွယ်ရာ သာဓုပေးလို့
အေးမြစိတ်ထား။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# တောင်သာမြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကုန်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာမွှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းသည် ကျေးလက်နေပြည်သူများဆင်းရဲမှု လျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၂၁ ဒသမ ၂၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၁၇ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကိုငွေကျပ် ၃၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# မကြာမီ ပြီးပါတော့မည်

သတင်းစာဆရာတစ်ဦး

"ဆရာ"

"ဗျား"

"ကျွန်တော်တို့ နွေဦးတော်လှန်ရေး ဘယ်တော့ အောင်မြင်ပြီးဆုံးမှာလဲဆရာ"

"အမှန်အတိုင်းဖြေရမလား"

"ဟုတ်ကဲ့ အမှန်အတိုင်းသိချင်ပါတယ်"

**"ဘယ်သောအခါမှ အောင်မြင်မှုမရနိုင်ပါဘူးကွယ်"**

"ဘာဖြစ်လို့ပါလဲဆရာ"

"မင်းတို့သိချင်လည်းသိမယ်၊ မသိရင်လည်း မသိဘူး။ **တကယ်တော့ တော်လှန်ရေးတစ်ရပ်အောင်မြင်တယ်ဆိုတာ (၁) ပြည်သူလူထု သို့မဟုတ် အလုပ်သမား၊ လယ်သမားလူတန်းစားတစ်ရပ်အတွက် တိုးတက်ကောင်းမွန်စေရမယ်ဆိုတဲ့ မှန်မြတ်တဲ့ ဦးတည်ရည်ရွယ်ချက်ရှိရပါတယ်။ (၂) ယခု မင်းတို့ရဲ့ လက်နက်ကိုင်တိုက်ပွဲက ပြည်သူတစ်ရပ်လုံးအတွက် အကျိုးစီးပွားလည်း မပါသလို ငါတို့ပြည်ရဲ့ အဓိကရိက်ပျိုးရေးထုတ်ကုန်ကို လုပ်ဆောင်နေကြတဲ့ တောင်သူလယ်သမားအတွက် အကျိုးစီးပွားတိုးတက်ရေးလည်းရည်ရွယ်ချက်ထဲမှာ တိတိကျကျမပါဘူး။"**

"ဒါဆို ကျွန်တော်တို့အသက်နဲ့ရင်းပြီး လက်နက်ကိုင်တိုက်ခိုက်နေရတာက ဘယ်သူ့အကျိုးအတွက် ရည်ရွယ်ချက်နဲ့ လုပ်နေတာဖြစ်မလဲ"

**"ရှင်းရှင်းပြောရရင် ဓေတ်သစ်နယ်ချဲ့ရဲ့ လက်ကိုင်တုတ်ရပ်သေးဘ၀ ကပြနေကြရတာပဲ"**

"ဟာ ဟုတ်ရဲ့လားဆရာ။ ဟုတ်ပါ့မလား"

"မယုံလို့ရှေ့ဆက်လျှောက်လေလေ **'ရေတိုးထမ်းပိုး နောက်ဆုတ်လည်းထုပ်'**ဆိုတဲ့ နွားလှည်းမှာ ထမ်းပိုးတင်ပြီး ရုန်းနေရတဲ့ နွားတိရစ္ဆာန်ဘဝနဲ့အတူတူပဲဆိုတာ သိမြင်လာရမယ်။ နဖားကြိုးထိုးခံထားရတယ်။ ကြိမ်တုတ်နဲ့ အရိုက်ခံရမယ်။ နားရတဲ့အခါ ကောက်ရိုးလေးကျွေးပြီး ချောင်းရေ၊ ကန်ရေလေးသောက်ချင်သောက်ရမယ်။ မိမိကိုယ်ကို နွားဘဝရောက်နေရတာ မသေမချင်းခံပေဦး"

"ကျွန်တော်တို့ နွေဦးတော်လှန်ရေးက ဘာလို့ မအောင်မြင်နိုင်ဘူးလို့ ဆရာကအပြတ်ပြောနိုင်တာလဲ"

"ကိုယ်ပြောတာက နှစ်ပေါင်းများစွာ လူ့သမိုင်းကို စိတ်ဝင်တစားလေ့လာဆည်းပူးထားလို့ သမိုင်းနိယာမသဘောတွေကို သိမြင်လို့ပြောတာ။ မင်းတို့ရဲ့လုပ်ဆောင်ချက်ကောင်းခြင်း၊ မကောင်းခြင်းအပေါ် မူတည်ပြီး ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမရှိဘူး။ ဒီလမ်းကို ရွေးရင် ဒီလမ်းရဲ့ အဆုံးနေရာတစ်ခုကို ရောက်မှာပဲ။ ဘယ်လမ်းကိုသွားနေတာလဲ"

"ကျွန်တော်တို့ ဘယ်လမ်းကိုတကယ်တမ်းသွားနေပါသလဲ"

"အမှန်ပြောရရင် မပြန်လမ်းပေါ့ကွယ်"

"ဟုတ်လား"

"ဟုတ်တယ်။ မင်းတို့က ပထမလူတော့မဟုတ်ဘူး။ ရှေ့မှာ မင်းတို့ထက် ရာဇဝင်ပြောင်တဲ့လုပ်ဆောင်ချက်တွေကို နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက်ပါ လူငယ်နိုင်ငံရေးသမားဘဝက ပါဝင်လှုပ်ရှားခဲ့ကြသူများဖြစ်သော်လည်း ငါ့ပါတီမှ ငါ့ပါတီ၊ ငါအရေးမှ ငါ့အရေးဆိုတဲ့ အတ္တမာနအစွဲဝင်သွားလို့ လမ်းလွဲတိမ်းချော်ကျသွားခဲ့ရသူတွေလည်း ပါတယ်။ သင်ခန်းစာ မင်းတို့ယူရမှာ"

"ဘယ်သူတွေလဲဆရာ"

"သခင်စိုး၊ သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင်၊ ဗိုလ်ကျော်ဇော၊ သခင်နု(ပြည်ပြေးစင်ပြိုင်အစိုးရ)၊ စိန်ဝင်းစင်ပြိုင်အစိုးရ၊ ဟန်ညောင်ဝေ စင်ပြိုင်အစိုးရနဲ့ ယခု မင်းတို့အထက်က CRPH နဲ့ NUG ဆိုတဲ့ တရားမဝင်အစုအဖွဲ့တွေပဲ"

"ဟာ ရှေ့ကအဖွဲ့တွေ အများကြီးပဲ"

"ဟုတ်တယ်၊ ညာတာလှိုင်းတာ လူတွေက အလွန်တပ်မက်တတ်တာ။ သိုက်စာဖတ်ကာ ဥစ္စာရှာ၊ မကြာချမ်းသာ၊ တွေ့နိုးနိုး"ဆိုတဲ့စကားလိုပဲ လူလိမ်၊ လူညာတွေရေးချထားတဲ့ သိုက်စာကိုဖတ်ပြီး သိုက်တူးကြတဲ့ သိုက်ရှူးတွေရဲ့ဘဝနဲ့အတူတူပဲ။ အညာခံကြရတာ"

"သိုက်ရှူးဆိုတာ ဘာလဲဆရာ"

"ရှေးအဆက်ဆက်က ကြွယ်ဝပြည့်စုံတဲ့ မင်းတွေ၊ မိဖုရားတွေ၊ သူကြွယ်သူဌေးတွေဟာ ရတနာရွှေအိုး၊ ငွေအိုးတွေကို မြေကြီးထဲ တစ်နေရာရာတူးမြှုပ်ပြီး ဖုံးကွယ်သိုဝှက်ထားခဲ့တယ်ဆိုပါစို့။ အဲဒါကို ထိုက်တဲ့လူရစေတော့လို့ မြေပုံညွှန်းရေးထားခဲ့တာ 'သိုက်စာ' လို့ခေါ်တယ်။ အကျယ်မပြောတော့ပါဘူး။ ဉာဏ်ကောင်းတဲ့ လူလည်လူနပ်တွေက နောက်လိုက်နောက်ပါတပည့်တပန်းတွေ ယုံလောက်အောင်ဆွဲဆောင်ပြောဆိုပြီး သူထင်မှတ်တဲ့နေရာကို လူမသိ၊ သူမသိ ညဉ့်နက်သန်းခေါင်မှာ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်းတွေနဲ့ တူးကြဖော်ကြတော့တာပေါ့ကွာ။ ရတနာအိုးရွှေဒင်္ဂါးသေတ္တာ စသဖြင့် တွေ့နိုးနိုး"

"တွေ့ကြမှာပေါ့"

"သိုက်တူးလို့ သိုက်ဖော်လို့ချမ်းသာတဲ့လူဆိုတာ သူတို့ကပဲ သိသိပ်လို့ လျှို့ဝှက်ကြလို့လားတော့မသိ။ အခုထိ ကိုယ်တော့မတွေ့ဖူးသေးပါဘူး။ ဉာဏ်လည်း ထက်မြက်၊ အတွေးအခေါ် အယူအဆလည်း အသင့်အတင့်ရှိပေမယ့် ဖြတ်လမ်းကချမ်းသာချင်တဲ့ လောဘဇောအလွန်တက်တဲ့လူစားကို သိုက်ရှူးလို့ခေါ်တာပဲ။ သိုက်စာနဲ့အောင်ပြီး ချမ်းသာတဲ့လူတော့ မရှိသလောက် ရှားပါတယ်"

"CRPH, NUG လူကြီးတွေကကော"

"တစ်ဦးချင်းပုဂ္ဂိုလ်ရေးအရည်အချင်း ဘယ်သူ့ကိုမှ လေ့လာမထားမိလို့ သူတို့ရဲ့ခေါင်းဆောင်နိုင်စွမ်း ဘယ်ရွေ့ဘယ်မျှရှိကြသလဲ မသိပါဘူး။ ဘာမှမပြောလိုပါဘူး"

"သူတို့အကြောင်း ဂယနဏာမသိဘဲနဲ့ ဆရာက သိုက်ရှူးလိုလိုပြောတာတော့ များနေပြီဆရာရေ့"

"ပြောခွင့်ရှိပါတယ်။ စိတ်ထဲရှိရာပြောပါ"

"သူတို့လည်း အခက်အခဲကြားက အမျိုးမျိုးစွန့်စားပြီး အခုလို သုံးနှစ်နီးပါးရပ်တည်ရှင်သန်လှုပ်ရှားနိုင်ခဲ့တာ ချီးကျူးစရာမဟုတ်ဘူးလား"

"ချီးကျူးချင်ရင် ချီးကျူးပါလေ။ မတားပါဘူး"

"ဆရာက မချီးကျူးနိုင်ဘူးလား"

"လက်တွေ့ပကတိအမှန်တရားကို အထောက်အထားအရကြည့်လေ။ ပြည်သူတွေကို တရားမဲ့သတ်ဖြတ်နေတယ်။ ရဟန်းသံဃာတော်တွေ၊ ဆရာ၊ ဆရာမတွေကို (စွပ်စွဲချင်သလို စွပ်စွဲပြီး) ရက်ရက်စက်စက်နှိပ်စက်သတ်ဖြတ်နေတယ်။ ကိုယ်က စွပ်စွဲတာမဟုတ်ဘူး။ မင်းတို့ PDF ကိုယ်တိုင်က မှတ်တမ်းတင်ဂုဏ်ယူပြီး ဗီဒီယိုရိုက်ကူး၊ ပြည်သူကို ခြိမ်းခြောက်မျှဝေပြသနေလို့ အထိတ်တလန့်တို့မှာ မြင်ရကြားရတာ။ အထင်အရှား ယုတ်မာမိုက်ကန်းပုံတွေကို ပြည်သူသိကြရတာလေ။ လက်ခံနိုင်ဖွယ်ရာ မရှိဘူး"

တော်လှန်ရေးရဲ့ အဟန့်အတား ဒလန်တွေ"

"ဒါက မင်းတို့ကစွပ်စွဲတာပါ။ သာမန်ပြည်သူတွေပါ"

"အတိုက်အခံ၊ အငြင်းအခုံ ဘာမှမပြောချင်ပါဘူးကွယ်။ မင်းတို့လက်ထဲမှာ သေနတ်ရှိတယ်၊ ဓားရှိတယ်။ ငါ့လက်ထဲမှာ ရေးစရာမင်တံပဲရှိတယ်။ ကြောက်လို့ရှောင်တာ ပြေးတာမဟုတ်ပါဘူး။ ကိုယ်က အမှန်တရားကိုတော့ အများသိမြင်အောင် ရဲရဲရေးမှာပါပဲ။ ကောင်းကျိုးမထွက်ပေါ်နိုင်တဲ့ အငြင်းအခုံစကားတွေ ပြောမနေချင်တော့လို့ပါ"

"ဒါဆို ကျွန်တော်တို့ကို အကျိုးရှိအောင် ဘာများပြောပေးနိုင်မလဲ"

"မင်းတို့အသက်အရွယ် ၂၀၊ ၃၀၊ လူ့ဘဝမှာ အရေးအကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံးအရွယ်အပိုင်းအခြားပဲ။ မှန်တာမှားတာထား၊ ဘဝရဲ့ အကောင်းဆုံးစွမ်းအားတွေ ထက်သန်မှု၊ တက်ကြွမှု၊ စွန့်စားရဲမှု၊ စွန့်လွှတ်နိုင်မှု၊ ကာယခွန်အားသန်မာမှု၊ ထိုက်သင့်တဲ့ အသိဉာဏ်ပြည့်စုံမှု၊ ကိုယ်ပိုင်စွမ်းရည်တွေရှိပါလျက်ကယ်နဲ့ လေထဲတိုက်အိမ်ဆောက်၊ ကိုယ်ကျိုးသက်သက်အကြောင်းပြုပြီး (တကယ်က နိုင်ငံအတွက် လူထုအတွက် မထမ်းရွက်ဘဲ လက်တွေ့မှာ ဖျက်ဆီးမီးရှို့နေတဲ့) ခေါင်းဆောင်သိုက်ရှူးတွေ ဘူးသွင်းခံရပြီး ခေတ်သစ်နယ်ချဲ့ရဲ့ လှည့်စားမှိုင်းတိုက်ခြင်းကြောင့် နွေဦးတော်လှန်ရေး၊ ဒီမိုကရေစီအရေးတော်ပုံ ဘာဘာညာညာ ပျားသကာလူထားတဲ့ မူးယစ်ဆေးဝါးအဆိပ်ကို စားမိနေကြသူတွေ လမ်းမှားနေကြတာ၊ သနားကြင်နာပါတယ်။ စိတ်မကောင်းဘူး။ သမိုင်းကိုလေ့လာကြပါ။

ခရီးမထွက်ခင် မြေပုံကို သေသေချာချာလေ့လာကြပါ။ ဘယ်လမ်းလျှောက်ရင် ဘယ်စခန်းရောက်မှာလဲ သေသေချာချာသိအောင် မြေပုံကိုကြည့်ပါ။ သမိုင်းအမြင်မရှိဘဲ နိုင်ငံရေးလုပ်လို့မရဘူး။ အခုတော့. . .

နိုင်ငံရေးအတွက် လက်နက်ကိုင်တယ်ဆိုရင် ငါဘာလဲ၊ ငါဘာလုပ်နေတာလဲ၊ ငါဟာ ဘယ်သူ့အကျိုးရှိအောင် တိုက်ခိုက်နေတာလဲ၊ အဖြူ၊ အမည်းသဲသဲကွဲကွဲမြင်နိုင်စွမ်းတော့ရှိရမယ်။ ပြောင်းလဲမှဖြစ်မယ်။

> ❖ လုပ်တော့လုပ်နေမိတာ။ ဘာအတွက်မှန်းမသိပါဘူးဆိုရင် အရူးပဲ။ ဦးနှောက်ကို ကောင်းအောင် မိမိဘာသာသုံးသပ်ဆင်ခြင်ရမှာပဲ။ (U-turn နောက်ပြန်လှည့်ခဲ့) ရှေ့ဆက်အသက်ရှင်ရဦးမယ့်ရက်တွေ၊ လတွေ၊ နှစ်တွေ၊ မိသားစုအကျိုး၊ လူမျိုးတိုင်းပြည်ကောင်းကျိုးတို့ကို လမ်းကောင်း၊ လမ်းမှန်နဲ့ ပါဝင်သယ်ပိုးနိုင်တဲ့အခွင့်အလမ်းတွေ (ယခုမမြင်နိုင်သေးသော်ငြားလည်း) ပကတိအမှန်မှာရှိနေကြပါတယ်။ ကိုယ်မမြင်မိ၊ မသိရှိတဲ့အခွင့်အရေး၊ ပေးထားချက်တွေရှိနေပါသေးတယ်။ အေးကွာ လူဆိုတာ မှားတတ်တယ်။ သေးသေးဖွဲဖွဲလည်း မှားဖူးတယ်။ ကြီးကြီးမားမားလည်း မှားဖူးတယ်။ ❖

လုပ်တော့လုပ်နေမိတာ။ ဘာအတွက်မှန်းမသိပါဘူးဆိုရင် အရူးပဲ။ ဦးနှောက်ကို ကောင်းအောင် မိမိဘာသာသုံးသပ်ဆင်ခြင်ရမှာပဲ။ (U-turn နောက်ပြန်လှည့်ခဲ့) ရှေ့ဆက်အသက်ရှင်ရဦးမယ့် ရက်တွေ၊ လတွေ၊ နှစ်တွေ၊ မိသားစုအကျိုး၊ လူမျိုးတိုင်းပြည်ကောင်းကျိုးတို့ကို လမ်းကောင်း၊လမ်းမှန်နဲ့ ပါဝင်သယ်ပိုးနိုင်တဲ့အခွင့်အလမ်းတွေ (ယခုမမြင်နိုင်သေးသော်ငြားလည်း) ပကတိအမှန်မှာ ရှိနေကြပါတယ်။ ကိုယ်မမြင်မိ၊ မသိရှိတဲ့ အခွင့်အရေး၊ ပေးထားချက်တွေရှိနေပါသေးတယ်။ အေးကွာ လူဆိုတာ မှားတတ်တယ်။ သေးသေးဖွဲဖွဲလည်း မှားဖူးတယ်။ ကြီးကြီးမားမားလည်းမှားဖူးတယ်။ ဆရာသင်ပြညွှန်ကြားတာ မဆင်မခြင်လိုက်လုပ်မှာပဲဆိုတဲ့ အင်္ဂုလိမာလဆိုသူ ဗလလည်း သန်မာထွားကျိုင်းပြီး ဉာဏ်ရည်လည်းထက်ပါလျက် အယူလွဲလို့ လူသတ်သမား လူရမ်းကားကြီးဖြစ်တဲ့ အပြင် မွေးမိခင်အမေကိုပင် သူက သတ်မလို့ လိုက်ဖမ်းတဲ့ကောင်။ မင်းတို့ထက်ဆိုးတာပေါ့။ နမူနာယူပေ့။ အဆုံးတစ်နေ့ အမှန်တရားတွေ့လာတော့ မီးဖွားခြင်းမှာ ဝေဒနာသက်သာစေတဲ့ အင်္ဂုလိမာလသုတ်နဲ့ မိခင်လောင်းများကို ကူညီကယ်တင်နိုင်စွမ်းတဲ့ ရဟန်းသံဃာတော်တစ်ပါးအဖြစ် ပြောင်းလဲဖြစ်ပေါ်လာသေးတာပဲ။ ပြုပြင်လိုက်ပါ။

# မြဝတီမြို့နယ် စံပါလိုက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ စံပါလိုက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စံပါလိုက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၉ သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ဘိုဘို**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလတွင် ငါးမြစ်ချင်း ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဝါးခယ်မ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလတွင် ငါးမြစ်ချင်း ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးမြစ်ချင်းပိဿာချိန် ၃၅၀၀၀ ထိသာပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးမြစ်ချင်း ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ဘက်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလကထက် အောက်တိုဘာလထဲမှာ ပိဿာချိန် တော်တော်များများထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ အဝယ်လိုက်နေတာကြောင့် တင်ပို့အားရှိခဲ့တာဖြစ်ပါတယ်။ တင်ပို့ထားတဲ့ ရေထွက်ကုန်ပစ္စည်းတွေက ဈေးနှုန်းအနေနဲ့ သိသိသာသာ ဈေးတက်လာတာမျိုးတွေ မရှိသေးပါဘူး။ ရေထွက်ကုန်တွေကို ကုန်လမ်းခရီးက အဆင်ပြေလို့ ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဝါးခယ်မမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျ သန့်စင်စစ်ဆေးပြီး ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကားများ အသုံးပြု၍ အများဆုံးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်းငါးပေါက်ဈေးသည် ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း ဒေါ်ရီရီတင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၉၅၀ စိုက်ပျိုးပြီးစီး

**ထီးချိုင့် နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ဧက ၂၉၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ထီးချိုင့်မြို့နယ်တွင် ဆောင်းမြေပဲသီးနှံဧက ၁၂၂၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၉၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ဆောင်းမြေပဲသီးနှံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတာပါ။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

လဲ စိုက်ပျိုးနေကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ ဆောင်းမြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးပါတယ်။ မြေပဲသီးနှံစိုက်ပျိုးမှုကတော့ မိုးမှာထက်ဆောင်းမှာ အများစုစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် ဆောင်းမြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၂၀၆)**

# စလင်းမြို့နယ် လက်ပကန်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စလင်း နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် လက်ပကန်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တော်ဝင်ထွန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကျေးလက်တောင်သူများ၏ သီးနှံထွက်ကုန်များသယ်ယူပို့ဆောင်ရောင်းချရာတွင် အလေအလွင့်မရှိသယ်ယူနိုင်ရေးအတွက် ဆောင်ရွက်နေသော လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် လက်ပကန်ကျေးရွာတွင် လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ၁ ပေ ၉ လက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်တွင် အရှည်ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် အရှည်ပေ ၂၀၊ အကျယ် ၁ ပေ၊ အချင်း ၁ ပေ Pipe Curvet တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန်လ တတိယပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လက်ပကန်ကျေးရွာရှိ တောင်သူများသာမက အနီးအနားကျေးရွာများဖြစ်သည့် တောစိမ့်ကျေးရွာ၊ အုတ်ဖိုကန်ကျေးရွာရှိတောင်သူတို့၏ လယ်ယာမြေများမှ ထွက်ရှိသော သီးနှံထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းခိုး**

# ကံမမြို့နယ် ပင်ကတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ကျောက်မဲကျေးရွာအုပ်စု ပင်ကတိုင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့်အတိုးနှုန်း သတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ရန်ပုံငွေကျပ် ၅၃ ဒသမ ၆ သန်းကို ပင်ကတိုင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ပင်ကတိုင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၉၇ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၆ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်မဲကျေးရွာအုပ်စု ပင်ကတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းမတည်ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ မိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ဂွမြို့နယ် ကွင်းကြီးကမ်းနားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဂွ နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းကြီးကမ်းနားကျေးရွာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများက ကွင်းကြီးကမ်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ကွင်းကြီးကမ်းနားကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၉၄ သန်းထိ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဂွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်ထံမှ သိရသည်။

**ကိုသန်း**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အမှတ်တရသားချော့တေး

**မန်းတင့်မော်**

စာပေတွင် မွေ့လျော်သူအတွက် စာရဂုံအတွင်းမှ စာပန်းစာငုံ စာမျိုးစုံပန်းမာလာများစွာကို တွေ့မြင်ရသည်။ အရောင်အသွေးက စုံလင်သည်။ အရွယ်အစား အကြီးအသေးများကလည်း များလှသည်။ ပန်းရနံ့များကလည်း သဘာဝအတိုင်း မွှေးပျံ့လျက်ပင်။ ကဗျာပန်းရုံအနားကပ်မိပြန်တော့ မခွာနိုင်။ ကဗျာပန်းများကား များလှပါဘိ။ မြန်မာစာပေတွင် ကဗျာ၏အခန်းကဏ္ဍမှာ ကြီးမားလှပါသည်။ ပုဂံခေတ်ကပင် စတင်သန္ဓေတည်ခဲ့သောကဗျာမှာ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရသည်။ ကဗျာလမ်းမှာ ချောချောမွေ့မွေ့တော့မဟုတ်ခဲ့။ အခက်အခဲမျိုးစုံနှင့်ကြုံတွေ့ခဲ့ရသည်။ အတားအဆီးများစွာကိုလည်း ကျော်ဖြတ်ခဲ့ရသည်။ ကဗျာရေးဖွဲ့သူ ကဗျာဆရာများ၏ဘဝများ၌ ကြမ်းတမ်းသူများလည်းရှိ၊ ချောမွေ့သူများလည်းရှိဟု ဆိုရပါလိမ့်မည်။ ကဗျာသမိုင်း၊ စာသမိုင်းတွင် သမိုင်းဝင်ကဗျာနှင့် ကဗျာဆရာများစွာလည်း ပေါ်ထွက်ခဲ့ဖူးပါသည်။ တစ်သက်တာ ကဗျာကို ဖက်တွယ်သွားသော ကဗျာဆရာများရှိသကဲ့သို့ ကောက်ရိုးမီးကဗျာဆရာများကလည်း ခေတ်ကာလတိုင်းတွင် ရှိခဲ့၊ ရှိမြဲ၊ ရှိနေဦးမည်သာ။

ကဗျာဆိုသည်မှာ ရွတ်ဆိုရလွယ်ကူရမည်ဟု ပညာရှင်များက မိန့်ဆိုကြပါသည်။ ရွတ်ဆိုရလွယ်ကူသော ကဗျာများမှာ တေးသွားအဖြစ် လူတို့နှုတ်ဖျားသို့ ရောက်ကြရသည်လည်းရှိပါသည်။ အထူးသဖြင့် မိခင်များ၏ ကလေးချော့သိပ်လေ့ရှိသော သားချော့တေးများမှာ အခြေခံအားဖြင့် ကဗျာများဟု ဆိုနိုင်ပါလိမ့်မည်။ ဆိုင်ရာဆိုင်ရာလူမျိုးအလိုက် သားချော့တေးများ အသီးသီးရှိကြရာ ကဗျာများသည် ကမ္ဘာ့စာပေနှင့် မြန်မာ့စာပေများတွင်လည်း နေရာတစ်နေရာရယူလျက်ရှိနေကြရာ လေ့လာ၍မကုန် ဆန်းစစ်၍မခန်း ရှိနေကြပါသည်။

-လူကလေးရယ်ငို
ခိုဖမ်းလို့ပေး။
-ခိုဖြူ ခိုပြာနက်ကယ်
ဖမ်းခက်လှသေး။ ။

ရိုးရှင်းလွန်းသော သားချော့တေးဖြစ်ပါသည်။ မြန်မာစာအခြေခံတတ်သူတိုင်း နားလည်လွယ်သော စာသားမျိုးဖြစ်ပါသည်။ ရိုးသော်လည်း လှပါသည်။ အဘယ်ကြောင့်ဆိုသော် ကလေးကို သဘာဝပတ်ဝန်းကျင်နှင့် စတင်ထိတွေ့ပေးသောကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ နေရာဒေသများများတွင် ခိုငှက်က တည်ရှိပေါက်ဖွားရှင်သန်နိုင်ကြသည်။ ခိုငှက်နှင့်မစိမ်း၊ မြို့ပြအစ၊ ကျေးလက်အလယ်၊ တောတောင်အဆုံး ခိုငှက်ကရှိနေသည်သာ။ ထို့ကြောင့်ပင် အထက်ပါကဗျာလေး ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ ခိုငှက်နှင့်စပ်လျဉ်း၍ အယူအဆအသစ်များ ထွက်ပေါ်လာခြင်းကိုလည်း တင်ပြလိုပါသည်။ ခိုငှက်က ချိုးငှက်နှင့် ဆွေမျိုးတော်စပ်သောငှက်ဖြစ်သည်။ သစ်စေ့သစ်နှံမျိုးစုံကိုစားသည်။ အင်းဆက်ပိုးများကိုလည်း စားသေးသည်။ နေရာလပ်အနည်းငယ်မျှရှိလျှင်ပင် ဝင်ရောက်နေထိုင်နိုင်ကြပြီး အသိုက်ပြုလုပ်၍ မျိုးဆက်ပွားနိုင်ကြသည်။ ပေါက်ဖွားနှုန်းကလည်း များသည်။ ထို့ပြင် အစာမရွေးသဖြင့် ခိုများအတွက် သဘာဝအစားအစာက ပေါများလျက်ရှိသည်။ ထို့ပြင် ကျေးငှက်များကို ချစ်မြတ်နိုးတတ်သူများကလည်း ခိုစာကျွေးလေ့ရှိပြန်ရာ မြို့ပြတွင် ခိုအကောင်ရေက များသည်ထက် များလာတော့သည်။

ယခုအခါ ငှက်ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်များ၏ "ခို"နှင့်ဆိုင်ရာ သုတေသနရလဒ်များ ပေါ်ထွက်လာပါသည်။ ခိုငှက်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတိပြုဖွယ်များဖြစ်ပါသည်။ ခိုက ရောဂါပိုးတချို့ကို သယ်ဆောင်နိုင်သည်ဟု သိရသည်။ ထို့အတူ ခို၏မစင်များကလည်း ရောဂါပိုးများ

❖ ကဗျာဆိုသည်မှာ ရွတ်ဆိုရလွယ်ကူရမည်ဟု ပညာရှင်များက မိန့်ဆိုကြပါသည်။ ရွတ်ဆိုရလွယ်ကူသော ကဗျာများမှာ တေးသွားအဖြစ် လူတို့နှုတ်ဖျားသို့ ရောက်ကြရသည်လည်းရှိပါသည်။ အထူးသဖြင့် မိခင်များ၏ ကလေးချော့သိပ်လေ့ရှိသော သားချော့တေးများမှာ အခြေခံအားဖြင့် ကဗျာများဟု ဆိုနိုင်ပါလိမ့်မည်။ ဆိုင်ရာဆိုင်ရာလူမျိုးအလိုက် သားချော့တေးများ အသီးသီးရှိကြရာ ကဗျာများသည် ကမ္ဘာ့စာပေနှင့် မြန်မာ့စာပေများတွင်လည်း နေရာတစ်နေရာရယူလျက်ရှိနေကြရာ လေ့လာ၍မကုန် ဆန်းစစ်၍မခန်း ရှိနေကြပါသည်။ ❖

ပေါက်ဖွားရန်နေရာများဟု ဆိုကြပြန်သည်။ အဆောက်အအုံ၊ အမိုးအကာများကို ပျက်စီးစေသည်။ ခိုငှက်များမှကျွတ်သော အမွေးငယ်များကလည်း အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသည်ဟု သတိပေးချက်များလည်းရှိသည်။ ခိုစာကျွေးခြင်း ရပ်တန့်ပေးပါဟူသော လိုက်နာဖွယ် ကျန်းမာရေးအသိတိုးပွားရန်လည်း လိုအပ်ပါသည်။ သားချော့တေးပါ ခိုဖြူ ခိုပြာနက်ကယ် ဖမ်းခက်ရသည်ကပင် ကလေးငယ်အတွက် ကောင်းကျိုးဖြစ်စေသည်။ စာအရ ကဗျာပန်းအလှအဖြစ် လက်ခံနိုင်သော်လည်း လက်တွေ့ဘဝတွင် အကျိုးမဲ့စေသည့်ခိုငှက်များ လျှော့ပါးရန် လိုအပ်ပါသည်။ သို့သော် အဆိုပါကဗျာပန်းကလေးကမူ မြန်မာ့နှုတ်ဖျားတွင် အစဉ်ခိုလျက် ရနံ့ထုံသော ပန်းတစ်ပွင့်ဖြစ်နေဦးမည်မှာ သေချာပါသည်။

"ဖိုးလနတ်သား"အမည်ရှိ သားချော့တေးတစ်ပုဒ်ကလည်း ကလေးများကိုမြင်တိုင်း သတိတရရှိသော ကဗျာတစ်ပုဒ်ပင်။

-ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်သည့်အဘိုးအို
ဟောကြည့်ပါဆို။
-ဆိုသာဆို
ပိုမိုသည့်စကား။
-ကလေးအငိုတိတ်အောင်
အရိပ်အယောင်ပြတယ်
ဖိုးလနတ်သား။ ။

တြိချိုးကဗျာအမျိုးအစား ဖြစ်ပါသည်။ ကလေးကို ညသဘာဝနှင့် ထိတွေ့ပေးသည်ဟု မှတ်ယူနိုင်ပါသည်။ လမင်းက ပြည့်ပြည့်ဝဝ။ တိမ်ညိုတိမ်မည်းတို့က ပကတိကင်းစင်သည်။ လပြည့်ည၏ ဝင်းပသော လရောင်က ငွေမင်ရည်ဖျန်းပက်သည့်အလား။ ကစားအရွယ်ကလေးငယ်များက ကစားလျက်။ အရွယ်ရောက်လုံမပျို၊ လုလင်ပျိုတို့က လရောင်တွင် အချစ်အတွက် စိတ်ကူးယဉ်ချိန်။ ထိုအချိန်တွင် ရင်ခွင်ပိုက်နို့စို့အရွယ်ကလေးငယ်များက ဘာကြောင့်ရယ်မသိ။ တငိုတည်းငိုတတ်ကြသည်။ ကလေးအငိုတိတ်အောင် မိခင်က အမျိုးမျိုးချော့မော့လေ့ရှိကြသည်။ ကလေးကို ချီလျက် လမင်းကိုလက်ညှိုးညွှန်ကာ အငိုတိတ်အောင် ချော့ရပြီ။ ကြားဖြတ်ပြောရလျှင် မြန်မာတို့၏ ကလေးငယ်များအတွက် မင်္ဂလာယူကြရာတွင် "နေလပြတဲ့ မင်္ဂလာ"ဟူသည်ကလည်း မင်္ဂလာတစ်ပါးအပါအဝင်ဖြစ်သည်။

နေကို ဒေါင်းငှက်နှင့် ထပ်တူပြုသကဲ့သို့ လကို ယုန်နှင့်ပမာနှိုင်းလေ့ရှိကြသည်။ ဘာသာရေးနှင့်ဆက်နွယ်၍ ဖော်ပြမှုများရှိသကဲ့သို့ အစဉ်အဆက်ယဉ်ကျေးမှုဆိုင်ရာအမှတ်အသားများလည်း ဖြစ်နေတတ်ပါသည်။ ဖွင့်ဆိုချက်များ သီးခြားစီရှိကာ ဆက်လက်ရှာဖွေလေ့လာရမည့် အကြောင်းအရာများဖြစ်ပါသည်။ လကို စန္ဒာဟုလည်း လူသိများပါသည်။ လစန္ဒာဟု တွဲလျက်သုံးသကဲ့သို့ စန္ဒာယုန်မင်းဟုလည်း သုံးတတ်ကြပါသည်။ ဘုရားလောင်းယုန်မင်းဝတ္ထုကိုလည်း ရတနာပုံခေတ်စာဆိုကျော် ဦးပုညက ရေးဖွဲ့ခဲ့ရာ အထူးထင်ရှားပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြပါသည်။

ထိုအချက်များကို အခြေခံကာ "လ"ပေါ်တွင် ယုန်နှင့် အဘိုးအိုရှိသည်။ အဘိုးအိုက သစ်သားဆုံကြီးထဲတွင် စပါးများကိုထည့်ကာ ဆန်အဖြစ်ထောင်းပုံ (တစ်နည်း ဆန်လုံးညိုကို ဖြူအောင်ဖွပ်သည်)ကို အရိပ်အယောင်အဖြစ် မြင်ရသည်။ ကလေးကို ယုန်ကလေးနှင့် မိတ်ဆက်လိုရင်းဟုလည်း မှတ်ယူနိုင်ပါသည်။ ကလေး၏ပတ်ဝန်းကျင်ရှိ သတ္တဝါများကို သတိပြုမိစေရန်လည်း ရည်ရွယ်သည်ဟုဆိုနိုင်ပါသည်။ ယုန်ဆိုသော သတ္တဝါကလည်း တစ်ချိန်က အလွန်တရာပေါများခဲ့သည်။ သားပေါက်နှုန်းကောင်းသောသတ္တဝါဖြစ်ပြီး တစ်နှစ်လျှင် လေးသားကျသည်။ တစ်ကြိမ်ပေါက်ဖွားလျှင် ရှစ်ကောင်မှ ဆယ်ကောင်ထိ ပေါက်နိုင်ကြသည်။ ကလေးနှင့် ယုန်၊ ကြောင်၊ ခွေး စသည်တို့မှာ ရင်းနှီးလွယ်သောသတ္တဝါများဖြစ်ကြသည်။ အမှန်မှာ လပေါ်တွင် ယုန်မရှိနိုင်။ အဘိုးအိုလည်း မရှိပေ။ သို့သော် ကလေးအငိုတိတ်ရန် ပုံပြဆောင်၍ ချော့မော့ခြင်းပင်။

လကမ္ဘာပေါ်တွင် ကျွန်းကြီးများသဖွယ် သို့မဟုတ် တောင်တန်းများသဖွယ် အနိမ့်အမြင့်၊ အမို့အမောက်များက မညီမညာရှိလှသည်။ ၁၉၇၀ ပြည့်နှစ်တစ်ဝိုက်က လပေါ်သို့ လူစရောက်ခဲ့ရာ လမျက်နှာပြင်အနေအထားကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ဆက်လက်၍လည်း လအပါအဝင် အခြားသောဂြိုဟ်များကို လေ့လာစူးစမ်းနေကြဆဲဖြစ်ပါသည်။ ကလေးသူငယ်အရွယ်မှစ၍ မိမိနေထိုင်ရာကမ္ဘာအပြင် အခြားသောဂြိုဟ်ကမ္ဘာများပါရှိနေကြောင်း အသိပေးထားသင့်ပါသည်။ နားမလည်သေးသည့်တိုင် တဖြည်းဖြည်းနှင့် အသိအမြင်ကျယ် အရွယ်ရလာသည့်အခါ အသိပညာနှင့် အတတ်ပညာများကို ကျယ်ပြန့်နက်ရှိုင်းစွာ လေ့လာလိုစိတ်များ ပွားများလာမည်ဖြစ်ပါသည်။

ရွှေလမှာ ယုန်ဝပ်လို့ဟု အစချီရာဝယ် မြန်မာတို့က ရွှေသတ္တုကို တန်ဖိုးထားကြသူများဖြစ်ကြသည်။ မြတ်နိုးစရာမှန်သမျှကို ရွှေနှင့်ထပ်တူပြုကြသည်။ ယုံကြည်ကိုးကွယ်ရာ ဘုရားစေတီများကိုလည်း ရွှေချလေ့ရှိကြသည်။ ရွှေစေတီ၊ ရွှေဆင်းတု စသည်ဖြင့် ကိုးကွယ်မှုဆိုင်ရာများတွင် ရွှေကိုသုံးသည်။ ရွှေကျောင်းတော်၊ ရွှေနန်းတော် စသည်ဖြင့်လည်း ရဟန်းသံဃာသီတင်းသုံးရာကျောင်းနှင့် ဘုရင်များစိုးစံရာ နန်းတော်များတွင်လည်း ရွှေကို လိုအပ်သလိုအသုံးချမွမ်းမံလေ့ရှိကြသည်။ လူပုဂ္ဂိုလ်နာမည်နှင့် တွဲဖက်ခေါ်ဝေါ်ကြသည့် "ရွှေ"ဟူသောစကားလုံးလည်း ရှိပါသည်။ ဥပမာ- ရွှေမင်းသား၊ ရွှေမင်းသမီး စသည်ဖြင့် သုံးနှုန်းကြသည်။ ယခုတင်ပြခဲ့သည့် ဖိုးလနတ်သားကဗျာလေးတွင်လည်း လကို နတ်သားအဖြစ်နှင့် တင်စားသကဲ့သို့ ရွှေလဟူ၍လည်း အမွှမ်းတင်ထားပါသေးသည်။

မြန်မာကဗျာများကား ပင်လယ်တမျှကျယ်ဝန်းလှပါသည်။ ၎င်းတို့အထဲမှ ယခုတင်ပြလိုသော သားချော့တေးနှစ်ပုဒ်မှာ ပင်လယ်ထဲမှ ရေတစ်စက်၊ နှစ်စက်ကို ရယူကြည့်ရှုခံစားမှုမျှသာဖြစ်ကြောင်း ရိုးသားစွာဝန်ခံအပ်ပါသတည်း။

**ကိုးကား**

– **ဦးဖိုးလတ် ရှဆောင်းတင်ပြသော– သီချင်းပဒေသာ**

## မိတ္ထီလာမြို့နယ် အရာတော်ကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရာတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေတို့ဖြင့် ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အရာတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အရာတော်ကျေးရွာ၌ ၄၀၀ ပို့ ဓာတ်အားလိုင်း အရှည် ၁၂၁၂ ပေ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၆၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၄၁၅၄ သိန်း စုစုပေါင်းငွေကျပ် ၆၀ ဒသမ ၄၁၅၄ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၈၉ အိမ်၊ လူဦးရေ ၂၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**

# ဘိုလီးဗီးယားနိုင်ငံတွင် တောမီးကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသောတိရစ္ဆာန်များကို ယာယီကယ်ဆယ်ရေးစခန်းများဆောက်လုပ်၍ နေရာစီစဉ်ပေးမည်



**လာပါဇ် နိုဝင်ဘာ ၂၇**

ဘိုလီးဗီးယားနိုင်ငံ ဆန်ဘွမ်နာဗန်တူရာဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန်များမှာ နေရပ်ကိုစွန့်ခွာကာ အစာရေစာခက်ခဲသည့် ပြဿနာဖြင့် ရင်ဆိုင်နေရသည့်အတွက် ယာယီကယ်ဆယ်ရေးစခန်းများ ဆောက်လုပ်၍ တောရိုင်းတိရစ္ဆာန်များကို နေရာစီစဉ်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးမကောင်းသော၊ စွန့်ပစ်ခံရသောတိရစ္ဆာန်များကို ကူညီစောင့်ရှောက်ပေးနေသည့် Inti Wara Yassi အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Inti Wara Yassi အဖွဲ့အစည်းမှ ဝန်ထမ်းများက ဆန်ဘွမ်နာဗန်တူရာဒေသ တောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော စားရေးသောက်ရေးအခက်တွေ့နေသည့် တိရစ္ဆာန်များကို ယာယီကယ်ဆယ်ရေးစခန်း၌နေရာချပေးကာ စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်းတွင် စောင့်ရှောက်ပေးသွားမည့်တိရစ္ဆာန်များကို တောမီးလောင်ကျွမ်းမှု ထိန်းချုပ်နိုင်ပြီး အခြေအနေ တည်ငြိမ်သွားလျှင် ယာယီကယ်ဆယ်ရေးစခန်းမှ ပြန်လည်ထွက်ခွာခွင့် ပြုသွားမည်ဖြစ်ကြောင်း Inti Wara Yassi အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဆန်ဘွမ်နာဗန်တူရာဒေသမှာ တောမီး လောင်ကျွမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန်တွေ နေရပ်ကို စွန့်ခွာခဲ့ကြရတယ်။ နေရပ်ကိုစွန့်ခွာခဲ့ကြရတဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ စားကျက်ရှားပါးနေတဲ့အတွက် အစာရေစာရှားပါးမှုတွေနဲ့ရင်ဆိုင်နေရတယ်။ ဒါကြောင့် ယာယီကယ်ဆယ်ရေးစခန်းတွေ ဆောက်လုပ်ပြီးတော့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ တောရိုင်းတိရစ္ဆာန်တွေကို နေရာချပေးသွားမယ်။ တောမီးအခြေအနေ တည်ငြိမ်သွားတဲ့ထိ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေထိုင်ခွင့်ပြုသွားမယ်။ အခြေအနေတည်ငြိမ်သွားရင်တော့ နေရပ်ကို ပြန်လွှတ်ပေးသွားမှာဖြစ်ပါတယ်" ဟု Inti Wara Yassi အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# COP28 ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် တက်ရောက်မည်မဟုတ်ကြောင်း ထုတ်ပြန်

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့တွင် နိုဝင်ဘာ ၃၀ ရက်၌ စတင်ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ(COP28)ကို အမေရိကန်သမ္မတဂျိုးဘိုင်ဒင် တက်ရောက်တော့မည်မဟုတ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အရှေ့အလယ်ပိုင်းစစ်ပွဲတွင် တရားမျှတမှုရှိစေရေး ကိစ္စများ ဆောင်ရွက်ရန်နှင့် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပြင်ဆင်လိုသည့်အတွက် COP28 ညီလာခံကို မတက်ရောက်နိုင်တော့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"သမ္မတဂျိုးဘိုင်ဒင်ဟာ နိုဝင်ဘာ ၃၀ ရက်မှာ အန်ဂိုလာနိုင်ငံရဲ့ သမ္မတ ကွန်ကယ်ဗက်စ်လိုရင်ကိုနဲ့ တွေ့ဆုံသွားဖို့ စီစဉ်ထားပါတယ်။ အန်ဂိုလာသမ္မတနဲ့တွေ့ဆုံပြီးရင်လဲ National Tree Lighting အခမ်းအနားကို တက်ရောက်သွားဖို့ ရှိပါတယ်"ဟု အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကုလသမဂ္ဂက ဦးဆောင်ကျင်းပသော COP28 ညီလာခံတွင် အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ဒင်အနေဖြင့် အစည်းအဝေးသို့ တက်ရောက်သင့်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းက တိုက်တွန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ နိုင်ငံအများစုသည် COP28 ညီလာခံသို့ တက်ရောက်ပြီး ညီလာခံတွင် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့မှ ကာဗွန်ထုတ်လွှတ်မှုမြင့်မားနေခြင်းကို ထိန်းချုပ်နိုင်ရေးအတွက် စီမံချက်များကို အကောင်အထည်ဖော်ရန် တိုက်တွန်းမှုများပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၂၁ ခုနှစ်နောက်ပိုင်းကျင်းပပြုလုပ်ခဲ့သော COP ညီလာခံများကို မပျက်မကွက် တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကင်ညာသမ္မတ ဝီလျံရူတိုက ရေကြီးရေလျှံမှုကြောင့် ထိခိုက်ခံစားခဲ့ရသူများအတွက် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ သန်း ပံ့ပိုးမည်ဟုပြောကြား

**နိုင်ရိုဘီ နိုဝင်ဘာ ၂၇**

ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ဦးရေ ၇၀ ကျော်ထိ မြင့်တက်ခဲ့ပြီးနောက် ထိခိုက်ခံစားခဲ့ရသော နိုင်ငံသားများကိုကူညီရန် ကင်ညာသမ္မတ ဝီလျံရူတိုက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ သန်း ပံ့ပိုးမည်ဟု ပြောကြားခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက်သတင်းများအရ သိရသည်။

ကင်ညာသမ္မတအနေဖြင့် နိုဝင်ဘာ ၂၅ ရက်က ၎င်း၏ သမ္မတအိမ်တော်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် သေဆုံးသူအရေအတွက်ကို အတည်ပြုပြောကြားခဲ့ပြီး ထိခိုက်ခံစားခဲ့ရသောဒေသများအတွက် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ သန်းနှင့်ညီမျှသော ကင်ညာရှီလင် ၂ ဒသမ ၄ ဘီလီယံ ပံ့ပိုးပေးအပ်ရန် ကတိပြုပြောကြားခဲ့သည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံမှာ အရေးပေါ်အခြေအနေဖြစ်နေပါတယ်။ ကုန်တင်ကားတွေ၊ အစားအသောက်၊ ဆေးဝါးတွေနဲ့ လောင်စာဆီတွေ ပိတ်မိနေပါတယ်။ အထူးသဖြင့် ကင်ညာမြောက်ပိုင်းမှာ လမ်းတွေပျက်စီးနေပါတယ်"ဟု ကင်ညာသမ္မတ ဝီလျံရူတိုက ပြောကြားခဲ့သည်။



ကင်ညာနိုင်ငံတွင် မိုးဆက်လက်ရွာသွန်းနေမှုအခြေအနေများကြောင့် အိမ်ထောင်စုပေါင်း ၃၆၁၆၀ ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးထားရပြီး လမ်းများပျက်စီးနေသောဒေသများသို့ အခြေခံကုန်ပစ္စည်းများကို လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးရန် ကင်ညာတပ်မတော်ကိုလည်း သမ္မတက ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေဖြင့် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ခံစားခဲ့ရသူများအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အခြားမရှိမဖြစ်လိုအပ်ချက်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# နယူးဇီလန်၌ သောက်သုံးရေများအတွင်း နိုက်ထရိတ်ပါဝင်မှု စောင့်ကြည့်နိုင်မည့် မြေပုံဆော့ဖ်ဝဲကို စတင်အသုံးပြု

**ဝယ်လင်တန် နိုဝင်ဘာ ၂၇**

နယူးဇီလန်နိုင်ငံ၌ လူများ၏ သောက်သုံးရေများအတွင်း နိုက်ထရိတ်ပါဝင်မှု စောင့်ကြည့်နိုင်မည့် မြေပုံဆော့ဖ်ဝဲကို ယနေ့တွင် စတင်အသုံးပြုကြောင်း နယူးဇီလန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ခုဖြစ်သော Greenpeace Aotearoa အဖွဲ့က သတင်းထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

Greenpeace Aotearoa ၏ Know Your Nitrateဟုအမည်ပေးထားသော အဆိုပါမြေပုံဆော့ဖ်ဝဲသည် အသုံးပြုသူများက ဒေသဆိုင်ရာအချက်အလက်များကို ရှာဖွေနိုင်မည်ဖြစ်ပြီး သောက်သုံးရေတွင် နိုက်ထရိတ်၏ ဖြစ်နိုင်ခြေရှိသော ကျန်းမာရေးအန္တရာယ်များကို လူအများအား အသိပေးရန် ဒီဇိုင်းထုတ်ထားကြောင်း Greenpeace Aotearoa ၏ အမှုဆောင်ဒါရိုက်တာ ရပ်ဆဲလ်နော်မန်က ပြောကြားခဲ့သည်။

Otago တက္ကသိုလ်မှသိပ္ပံပညာရှင်များ၏အဆိုအရ နယူးဇီလန်နိုင်ငံသား ဦးရေ ၈၀၀၀၀၀ ခန့်သည် သောက်သုံးရေတွင် နိုက်ထရိတ်ပါဝင်မှုကြောင့် အန္တရာယ်ရှိသောအခြေအနေ၌ ရောက်ရှိနေရကြောင်း သိရသည်။

နိုက်ထရိတ်သည် အနံ့၊ အရသာ၊ အရောင်အသွေး မရှိသည့်အပြင် နယူးဇီလန်နိုင်ငံတွင် ရေထုညစ်ညမ်းမှုကို အဓိကဖြစ်ပေါ်စေလျက်ရှိပြီး ကျေးလက်ဒေသများ၌နေထိုင်သူများအနေဖြင့် ၎င်းတို့၏ အန္တရာယ်ရှိသော နိုက်ထရိတ်အဆင့်ကို သတိမထားမိကြကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ၌ နိုက်ထရိတ်ညစ်ညမ်းမှု၏ အကြီးဆုံးရင်းမြစ်မှာ နွားကျင်ငယ်ရေနှင့် ဓာတုနိုက်ထရိုဂျင် ဓာတ်မြေဩဇာများကြောင့်ဖြစ်ကြောင်း၊ Greenpeace Aote-aroa အဖွဲ့အနေဖြင့် နိုက်ထရိတ်ညစ်ညမ်းမှုကို လျှော့ချရန်အတွက် ဓာတုနိုက်ထရိုဂျင်ဓာတ်နှင့် နို့စားနွားကောင်ရေနှုန်း လျှော့ချရန် နိုင်ငံရေးပါတီများ အားလုံးကို တောင်းဆိုထားကြောင်း အမှုဆောင်ဒါရိုက်တာ ရပ်ဆဲလ်နော်မန်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : AZH**

# တူကီယဲနိုင်ငံက အာဖဂန်နစ္စတန်မှလျှင်ဒဏ်သင့်ပြည်သူများကို အသုံးအဆောင်ပစ္စည်းများပေးပို့

**အန်ကာရာ နိုဝင်ဘာ ၂၇**

တူကီယဲနိုင်ငံသည် ငလျင်ဒဏ်ဖြင့် ရင်ဆိုင်ခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံမှ ဒေသခံများကို လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ကူညီပံ့ပိုးမှုများပြုလုပ်ရန် ကမ်းလှမ်းခဲ့ပြီးနောက် အသုံးအဆောင်ပစ္စည်း စုစုပေါင်း တန်ချိန် ၅၀၀ ကျော်ထိ ပေးပို့ကူညီခဲ့ကြောင်း တူကီယဲအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တူကီယဲနိုင်ငံက ပံ့ပိုးသော ပစ္စည်းများကို ဟီရက်စီရင်စုသို့ ပေးပို့ခဲ့ပြီး တန်ချိန် ၃၀၀ ကို ငလျင်ဒဏ်သင့် အာဖဂန်နစ္စတန်ပြည်သူများကို ကူညီပံ့ပိုးပေးသွားရန်နှင့် တန်ချိန် ၂၀၀ ကို ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော ဒုက္ခသည်စခန်းမှ ဒုက္ခသည်များကို ကူညီပံ့ပိုးပေးရန်ရည်ရွယ်၍ ပေးပို့ခဲ့ကြောင်း၊ တူကီယဲအစိုးရက ပံ့ပိုးပစ္စည်းများကို အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ တူကီယဲသံအမတ်ကြီး ဂျန်အွန်နယ်မှတစ်ဆင့် သက်ဆိုင်ရာသို့ အပ်နှံပေးခဲ့ကြောင်း သိရသည်။

"အာဖဂန်နစ္စတန်နိုင်ငံက ဘယ်လိုအချိန် ဘယ်လိုအကူအညီလိုလို တူကီယဲနိုင်ငံက အမြဲတမ်းအဆင်သင့်ရှိနေပါတယ်။ တူကီယဲနိုင်ငံအနေနဲ့ အာဖဂန်နစ္စတန်နိုင်ငံဘက်ကနေ အမြဲရပ်တည်ပေးသွားမှာဖြစ်ပါတယ်။ ငလျင်ဒဏ်သင့်ခဲ့ရတဲ့ ပြည်သူတွေအနေနဲ့ အိမ်အသစ်တွေဆီကို အမြန်ဆုံးရွှေ့ပြောင်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ငလျင်ဒဏ်သင့်ခဲ့ရတဲ့ ပြည်သူတွေထဲမှာ နိုင်ငံခြားကနေ ရွှေ့ပြောင်းလာပြီး ဒုက္ခသည်စခန်းရောက်နေတဲ့သူတွေလဲ ရှိပါတယ်။ ဒီလူတွေရဲ့ ဒုက္ခကိုလဲ ကူညီဖြေရှင်းပေးသွားဖို့လိုပါတယ်"ဟု တူကီယဲသံအမတ်ကြီး ဂျန်အွန်နယ်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ရခိုင်ပြည်နယ်မှ တန်ဆောင်မုန်းလပွဲတော်များနှင့် ကထိန်အလှူ

ဖုံးတုန်းလုံးတုန်းတန်ဆောင်မုန်းဟု ဆိုကြသည်။ လယ်ကွင်းပြင်များကား ဟိုတွင်တစ်ကွက်၊ စိမ်းရောင်စွက်၍၊ တစ်ကွက်သည်မှာ၊ ရွှေရောင်ဖြာလျက်၊ လယ်ကွက်ပြန့်ကျယ်အလှကြွယ်နေချေပြီ။ ကောက်စောစပါးခင်းများကား မှည့်ဝင်း၊ ရင့်မှည့်စပြုလာကြပြီ။ အချို့သောကောက်ကြီးစပါးခင်းများမှာ အစိမ်းရောင်လွှင်နေဆဲ။ ရခိုင်ဒေသ၏ ၇၅ ရာခိုင်နှုန်းသော တောင်သူလယ်သမားတို့သည် ဖြစ်ထွန်းအောင်မြင်နေသော မှည့်ဝင်းစပြုနေသည့် စပါးခင်းများကိုကြည့်ပြီး ပီတိဖြစ်နေကြပြီ။ ရွာဦးကျောင်းတွင်လည်း ဓမ္မတေးသံများဝေဝေစည်စည်ဖြင့် ကထိန်အလှူပွဲများ ကျင်းပနေကြသည်။ နောင်သံသရာအကျိုးကို ရည်မျှော်ကုသိုလ်ယူနေကြခြင်းဖြစ်သည်။ အလှူရေစက်လက်နှင့်မကွာသော ဗုဒ္ဓဘာသာဝင်များ၏ လေးစားမြတ်နိုးဖွယ်ကောင်းသော ဓလေ့စရိုက်များပင်။

ဆန်ရေစပါးတို့ ပေါများကြွယ်ဝသော ဓညဝတီ ရခိုင်ပြည်ဟု အမည်ရသောအာရက္ခသားတို့၏ ရခိုင်ပြည်။ ဘာသာ သာသနာစည်ပင်ဖွံ့ဖြိုးရာဒေသ။ ဘီစီ ၅၈၀ တတိယဓညဝတီခေတ်တွင် သုံးလူ့ထွတ်ထား မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရခိုင်တို့၏ဓညဝတီ ပြည်သို့ကြွရောက်တော်မူပြီး မင်းနှင့် ပြည်သူတို့ကို တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့သည်။ မင်းနှင့်ပြည်သူတို့ စဉ်ဆက်မပြတ်ကိုးကွယ်ဆည်းကပ်နိုင်စေရန် ကိုယ်စားတော် မဟာမြတ်မုနိရုပ်ပွား၊ ရုပ်ရှင်တော်မြတ်ကို ရင်ငွေ့တော် ခုနစ်လက်အုပ်ထည့်၍ ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ဤသည်မှစတင်ကာ ရခိုင်ဒေသတွင် ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းခဲ့သည်။ ဘာသာ သာသနာကို အကြောင်းပြု၍ ရခိုင်ပြည်သူတို့မှာ ဗုဒ္ဓပူဇနီယပွဲတော်၊ အလှူသဘင်များ ကျင်းပလေ့ရှိကြသည်။

**တန်ဆောင်မုန်းလနှင့်ပွဲလမ်းသဘင်များ**

တန်ဆောင်မုန်းလသည် ရခိုင်ကျေးလက်ပြည်သူများ စိုက်ပျိုးထားသည့် လယ်ယာစပါးခင်းများမှ စပါးများကို စတင်ရိတ်သိမ်းကာ ရောင်းချခြင်းဖြင့် ဝင်ငွေများစတင်ရရှိလာသောကာလလည်းဖြစ်သည်။ ကျေးလက်ပြည်သူများသည် မိမိတို့လုပ်အားဖြင့် အသီးအပွင့်များရရှိတတ်သော တန်ဆောင်မုန်းလကာလတွင် ဗုဒ္ဓပူဇနီယပွဲတော်များကို ကျင်းပပြုလုပ်လေ့ရှိကြသည်။ မိမိတို့လုပ်အားဖြင့် ရရှိလာသည့်စပါးများကို ထုထောင်းဆန်ဖွပ်ချက်ပြုတ်ပြီး ဘုရားကျောင်းကန်များသို့သွားရောက်၍ ကောက်ဦးဆွမ်းတင်အလှူများကို စုပေါင်းပြုလုပ်လှူဒါန်းလေ့ရှိကြသည်။ ရွာရိုးလုံမငယ်များသည် ဆွမ်းများကိုချက်ပြုတ်ပြီး စေတီပုံ၊ ကတော့ပုံဆွမ်းများကို ဗန်းများတွင်တင်၍ ဘုရားကျောင်းကန်များသို့ သွားရောက်ဆက်ကပ်ပူဇော်ကြသည်။ ဘုရားစေတီများတွင် သင်ပုတ်ပလ္လင်ကြီးများထားရှိပြီး ပလ္လင်ပေါ်တင်၍ ပူဇော်ကြရသည်။ သင်ပုတ်ဆွမ်းကပ်လှူသည်ဟုလည်း ဆိုကြသည်။ တစ်အိမ်၊ တစ်ဆောင်တည်း ပူဇော်ဆက်ကပ်ခြင်းမဟုတ်ဘဲ တစ်ရွာလုံးအတိုင်းအတာဖြင့် ပွဲလမ်းသဘင်ဆင်ယင်ကျင်းပလှူဒါန်းကြခြင်းဖြစ်သည်။ ကြာရိုးကြာစွယ်၊ ကြာပန်းများပါဝင်သော ပန်းထောင်ပန်းဆိုင်းများ၊ အလှူပစ္စည်းများ၊ ပဒေသာပင်များ၊ အတီးအမှုတ် အကအခုန်များဖြင့် ပူဇော်ရန်သွားရောက်ကြသည့် ပျော်စရာပွဲတော်လည်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညအခါတွင် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ခြင်းကိုလည်းပြုလုပ်ကြသည်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းကိုလည်း ပြုလုပ်ကြသည်။ အချို့ဒေသများတွင် ဘုရားဂေါပကအဖွဲ့များက ကြီးမှူးဆောင်ရွက်ကြသလို အချို့ဒေသများတွင် အာဏာပိုင်များက ကြီးမှူးလှူဒါန်းကျင်းပသည်များရှိကြသည်။

ခြေခင်းလက်ခင်းသာသည့်အချိန်ဖြစ်၍ ပွဲလမ်းသဘင်များကိုလည်း ကျင်းပလေ့ရှိကြသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မီးမြင်းမိုရ်ပွဲကျင်းပခြင်း၊ တာဝတိံသာပွဲ၊ အကောက်တစ်ထောင် ဝက်ပါလှည့်ပွဲ ကျင်းပခြင်းများကိုပြုလုပ်သည်မှာ ကျေးလက်မြို့ရွာများအနှံ့ပင်ဖြစ်သည်။ မီးမြင်းမိုရ်ပွဲမှာအတောင်ခြောက်ဆယ်ရှိသောတိုင်ကို စိုက်ထူပြီး တိုင်ထိပ်ပေါ်တွင် မီးလုံးကိုတင်၍ ထွန်းညှိပူဇော်ခြင်း၊ စစ်တွေမြို့တွင်ကား ဝက်ပါကွင်းတွင် စဉ်လာမပျက် ဆွမ်းတော်ကြီးလောင်းပွဲကျင်းပကြခြင်း၊ ရပ်ကွက်အလိုက် ဆီမီးထွန်းညှိခြင်း၊ ဆွမ်းတော်ကြီးလောင်းခြင်းများကိုလည်း ပြုလုပ်ကြသည်။ ထို့အတူ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဘဲငါးရာတောင်တက်ပွဲ၊ ဘဲငါးရာရှင်မပူဇော်ပွဲကိုလည်း တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပပြုလုပ်ကြသည်။

ဝါလကင်းလွတ်သီတင်းကျွတ်ခဲ့ပြီဖြစ်သဖြင့် ဆရာတော်၊ သံဃာတော်များမှာလည်း ဝါတွင်းသုံးလတာ ဝါဆိုဝါကပ်နေခဲ့ရာမှ အရပ်တစ်ပါးသို့ လှည့်လည်သွားရောက်နိုင်ကြပြီဖြစ်၍ မိမိတို့ဆရာသမားများကို သွားရောက်ကန်တော့သည့် ဆရာကန်တော့ပွဲများရှိသည်။ မိမိတို့တပည့်ဒါယကာများနှင့် မိမိ၏ဥပဇ္ဈာယ်ဆရာတော်ထံ သွားရောက်ကန်တော့ကြသည်မှာလည်း တပျော်တပါးပင်ဖြစ်သည်။ တပည့်ရဟန်းက ငွေကြေးတတ်နိုင်သူဖြစ်လျှင် ၎င်း၏ဒါယကာ၊ ဒါယိကာမများ စုံစုံညီညီ အတီးအမှုတ်၊ အကအခုန်များဖြင့် သွားရောက်ကြလေ့ရှိကြသည်။ တပည့်များသောဆရာတော်ကြီးများ ပူဇော်ကန်တော့ပွဲတွင်ကား တပည့်ရဟန်းများ၏စုပေါင်းမှုဖြင့် ဇာတ်ပွဲ၊ ကျင်ပွဲများဖြင့်ပင် ဆရာကို ချီးမြှောက်ကန်တော့လေ့ရှိတတ်ကြသည်။ တန်ဆောင်မုန်းလပွဲတော်ကား ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားသော ပွဲတော်တစ်ခုလည်းဖြစ်သည်။

**ကထိန်အလှူ**

ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်ဟုပင် အမြတ်တနိုးထားကာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းဖြင့် အလှူဒါနများ ပြုလုပ်ကုသိုလ်ယူတတ်ကြသည်။ အချိန်ကာလ သတ်မှတ်လှူဒါန်းရခြင်းဖြစ်သဖြင့် ကာလဒါနကုသိုလ်လည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဘာသာရေးဆိုင်ရာအလှူပွဲတစ်ခုလည်းဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာကာလအတွင်း မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးတို့တွင် ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိနေကြသည့် ကထိန်ဆက်ကပ်လှူဒါန်းခြင်း၏ မူလအစမှာ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် စတင်ခဲ့ခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရညကင်္ဂမူတင်၊ ပိဏ္ဍပါတ်မူတင်၊ ပံ့သုကူမူတင်၊ တေစီဝရိက်မူတင်တို့ကိုဆောက်တည်ကြသော ပါဝေယျကတိုင်းရင်းသားရဟန်းတော်သုံးကျိပ်သည် မြတ်စွာဘုရားကိုဖူးမြော်ရန်လာစဉ် လမ်းခရီး၌ ဝါဆို၍ သာကေတမြို့၌ ဝါကပ်ကြရကုန်သည်။ မိုးလွန်၍ ဝါကျွတ်သည့်အခါ ပဝါရဏာပြု၍ ရွှံ့ညွန်နှင့် မိုးရေတို့ကြားမှပင် မြတ်စွာဘုရားထံ ပင်ပန်းစွာရောက်ရှိကြသောအခါ မူတင်ဆောင်ရဟန်းတို့၏ ပင်ပန်းဆင်းရဲခြင်းကို မြင်တော်မူပြီးနောက် ကထိန်ခင်းရန်ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

ကထိန်ဟူသောဝေါဟာရသည် ပါဠိဘာသာအားဖြင့် ကထိနမှဆင်းသက်လာခြင်းဖြစ်ကာ အနက်အဓိပ္ပာယ်အားဖြင့် "မြဲမြံခိုင်ခံ့ခြင်း"ဟူ၍ ဖြစ်သည်။ မြတ်စွာဘုရားရှင်က ကထိန်ခင်းခြင်းနှင့်ပတ်သက်၍ "ရဟန်းတို့ ဝါဆို၊ ဝါကပ်ပြီးဝါကျွတ်သောရဟန်းတို့ကို ကထိန်ခင်းခြင်းငှာခွင့်ပြု၏။ ရဟန်းတို့၊ ကထိန်ခင်းပြီးသောရဟန်းတို့ကို ထင်ရှားရှိသောရဟန်းကို မပန်မကြားဘဲ မြို့တွင်း၊ ရွာတွင်း ဆွမ်းဖိတ်ရာအိမ်သို့ သွားနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ပြီးဆောင်သောသင်္ကန်းကို မယူဘဲသွားနိုင်ခြင်း၊ ဂဏဘောဇဉ်ကိုသုံးဆောင်နိုင်ခြင်း၊ အဓိဋ္ဌာန်ဝိကပ္ပနာမပြုသောသင်္ကန်းကို အလိုရှိတိုင်းဆောင်နိုင်ခြင်း၊ ကထိန်ခင်းသောကျောင်းရှိ ရဟန်းတို့သာ သံဃာအားလှူသော သင်္ကန်းကိုရရှိခြင်းဟူသော ငါးပါးသောအာနိသင်ကိုရကုန်၏"ဟူ၍ မြတ်စွာဘုရားက မိန့်ကြားတော်မူခဲ့သည်။ ကထိန်၏အကျိုးကို ရဟန်းတော်တို့ရရှိသည့်နည်းတူ လှူဒါန်းသူဒါယကာ၊ ဒါယိကာမတို့လည်း ရရှိကြသည်။ ကထိန်ဒါနပြုကြသူတို့မှာ လိုရာခရီးသို့အပိတ်အပင်အတားအဆီးမရှိဘေးရန်ကင်းကွာ၊ ချမ်းသာစွာသွားရောက်နိုင်ခြင်း၊ မိမိတို့ပိုင်ဆိုင်သောဥစ္စာများ ရပ်ဝေး၌သိမ်းထားစေကာမူ ဘေးမသီရန်မခခြင်း၊ ကောင်းမွန်သည့်အစာအာဟာရကိုစားပြီး အစာမှအဆိပ်မသင့်နိုင်ခြင်း၊ ရောက်ရာဘဝတွင် စည်းစိမ်ချမ်းသာပေါများကြွယ်ဝခြင်း၊ ဖြစ်ပေါ်လာသည့် စီးပွားဥစ္စာခိုင်မြဲခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ကထိန်အလှူရှင်တို့ ရရှိခံစားနိုင်ကြသည်။

ကထိန်အလှူတော်သည် သံဃာ့ဂုဏ်တော်တို့ကို အာရုံပြု၍ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏအစွဲကင်းကင်းဖြင့် သဒ္ဓါရှင်လန်းစွာလှူဒါန်းရသော အလှူတစ်ခုဖြစ်ပြီး အလှူခံပုဂ္ဂိုလ်နှင့်အလှူရှင်တို့ နှစ်ဦးနှစ်ဖက်အကျိုးထူးသောအလှူပင်ဖြစ်သည်။

❖ တန်ဆောင်မုန်းလသည် ရခိုင်ကျေးလက်ပြည်သူများ စိုက်ပျိုးထားသည့် လယ်ယာစပါးခင်းများမှ စပါးများကို စတင်ရိတ်သိမ်းကာ ရောင်းချခြင်းဖြင့် ဝင်ငွေများစတင်ရရှိလာသောကာလလည်းဖြစ်သည်။ ကျေးလက်ပြည်သူများသည် မိမိတို့လုပ်အားဖြင့် အသီးအပွင့်များရရှိတတ်သော တန်ဆောင်မုန်းလကာလတွင် ဗုဒ္ဓပူဇနီယပွဲတော်များကို ကျင်းပပြုလုပ်လေ့ရှိကြသည်။ မိမိတို့လုပ်အားဖြင့် ရရှိလာသည့်စပါးများကို ထုထောင်းဆန်ဖွပ်ချက်ပြုတ်ပြီး ဘုရားကျောင်းကန်များသို့သွားရောက်၍ ကောက်ဦးဆွမ်းတင်အလှူများကို စုပေါင်းပြုလုပ်လှူဒါန်းလေ့ရှိကြသည်။ ❖

## ကျွန်းသားငမန်း

**ရဟန်းတော်များ၏ ဂုဏ်**

ရဟန်းသံဃာများသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားဒေသနာများကို ထိန်းသိမ်းသယ်ဆောင် ဝေငှပေးတတ်သည့်မြတ်သောပုဂ္ဂိုလ်များဖြစ်ကြသည်။ ဗုဒ္ဓသာသနာတော်ကို ယုံကြည်သက်ဝင်သော တပည့်သားမြေးဒါယကာ၊ ဒါယိကာမများကို မကောင်းမှုကိုတားမြစ်ခြင်း၊ ကောင်းမှုပြုရန်တိုက်တွန်းခြင်း၊ သနားကြင်နာ စိတ်စေတနာထားခြင်း၊ မကြားဖူးသောတရားများဟောခြင်း၊ မကြားဖူးသောတရားများကို အနက်အဓိပ္ပာယ် ကျေညက်အောင်ဟောကြားခြင်း၊ နတ်ပြည်၊ နိဗ္ဗာန် အစရှိသော ကောင်းရာသုဂတိရောက်ရာရောက်ကြောင်း နည်းလမ်းကောင်းများကိုဟောကြားခြင်း ဟူသည့်ရဟန်းသံဃာတို့၏ ကျင့်ဝတ်ခြောက်ပါးနှင့်အညီ ပြောဆိုဆုံးမကာ ဆင်းရဲကို ပယ်ဖျောက်တားမြစ်၍ စီးပွားချမ်းသာကို ဆောင်တတ်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထို့ကြောင့် ရဟန်းသံဃာများသည် မြတ်စွာဘုရားရှင်၏ကိုယ်စား ဆည်းကပ်ကိုးကွယ်ရာ ပုဂ္ဂိုလ်များလည်းဖြစ်ကြသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရား၏ တပည့်သားတော် အရိယာသံဃာတော်နှင့် အရိယာနွယ်ဝင် သမ္မုတိထေရ်အရှင်သံဃာတော်မြတ်တို့အား ပစ္စည်းလေးပါးဖြစ်သော ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်းတို့ကို ပေးလှူဆက်ကပ်ကာ ကုသိုလ်ပွားများလျက်ရှိနေကြသည်။

**ကာလဒါနအလှူ**

ကထိန်အလှူတော်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိသာ တစ်လတာအတွင်းပြုလုပ်ရသော အလှူတော်ဖြစ်သည်။ ကထိန်အလှူခံရသောပုဂ္ဂိုလ်သည် ကထိန်သင်္ကန်းကို ယနေ့အလှူခံပြီး ယနေ့ပင်ကံဆောင်ကာ ခင်းရသည်။ အလှူရှင်က သဒ္ဓါဖြင့်လှူဒါန်းသော သင်္ကန်းကိုသာကထိန်ခင်းထိုက်ပြီး ရဟန်းက ဥပါယ်တံမျဉ်ဖြင့် သင်္ကန်းကိုအလှူမခံရခြင်း၊ သင်္ကန်းမှ လွဲ၍ အခြားပစ္စည်းများဖြင့် ကထိန်မခင်းနိုင်ခြင်း၊ ကထိန်ခင်းသောရဟန်းတော်သည် ဝါဆို၊ ဝါကပ်ရာ၌ ဝါကျိုးပေါက်ခြင်းမရှိရခြင်း စသည့်ကန့်သတ်ချက်များရှိသည်။ ကထိန်ပွဲသည်ထူးခြားလေးနက်သော ဝိနည်းပိဋကတ်အရ အလေးအမြတ်ပြုအပ်သောသာသနာတော်ဆိုင်ရာ အလှူပွဲတော်တစ်ခုဖြစ်ပြီး ကာလကန့်သတ်ချက်လည်းရှိသဖြင့် ကာလဒါနတစ်ခုလည်းဖြစ်သည်။ ကထိန်သင်္ကန်းလှူဒါန်းသော အလှူရှင်တို့မှာ မျက်မှောက်ဘဝတွင်လည်း အကျိုးအာနိသင်ငါးရပ်ကိုရရှိနိုင်သည့်အပြင် နောင်သံသရာအဖို့တွင်လည်း အရဟတ္တဖိုလ်ပေါက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ထိ အကျိုးထူးရရှိနိုင်သည့် ထူးကဲမွန်မြတ်လှသည့် အလှူတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို တစ်ဦးချင်းသာမက စုပေါင်းလှူဒါန်းကုသိုလ်ယူခြင်း(စုပေါင်း ဘုံကထိန်)များကိုပြုလုပ်နေကြသည်ကို တွေ့မြင်နေရသည်မှာ အားရစရာပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်သည် နေလိုလလိုထွန်းပလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူများလည်း နောင်သံသရာအကျိုးကိုမျှော်ကိုးလျက် ကထိန်၊ ရဟန်းခံ၊ ရှင်ပြု အစရှိသည့် ကုသိုလ်ကောင်းမှုများကိုပြုလုပ်နေကြသည်။ မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် အိုးစည်ဗုံမောင်းသံတညံညံ၊ ကုသိုလ်အမျှပေးဝေငှသံများနှင့် ကောင်းချီးနှမော်သာဓုခေါ်သံများ လွှမ်းမိုးနေသောအချိန်လည်းဖြစ်သည်။ ဤအချိန်ဤကာလကား မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသောအချိန်ကာလပင်ဖြစ်ကြောင်း ကြည်နူးဝမ်းသာစွာ ရေးသားတင်ပြလိုက်ရပါသည်။










"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။


❖ "ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ" ဟု ဖွင့်ဆိုသည်ကိုလည်း တွေ့ရ ...

❖ လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ် ...

❖ ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့်ပညာနှင့် ဘဝကိုပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ကပ်လှူပူဇော်စဉ်။



**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းတစ်ရပ်အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူဆည်းပူးပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့ မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင်

စာမျက်နှာ ၁၈ ကော်လံ ၄ ☆

